မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လှိုင်သာယာ-ဒလ-တွံ့တေး လမ်းဖောက်လုပ်ပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာ-ဒလ-တွံ့တေး ကားလမ်းဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်ရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား အင်ဂျင်နီယာမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် အင်ဂျင်နီယာမှူးကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းအားလုံး ပွင့်လင်းရာသီတွင် ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုင်တိုင်အမှတ် (၁/၄) နှင့် (၁/၅)အတွင်း၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တွံ့တေးမြို့နယ် တမံကြီးကျေးရွာ၌ ကျင်းပသည့် မိုးစပါးရိတ်သိမ်းပွဲနှင့် နွေစပါးထွန်ယက်စိုက်ပျိုးပွဲသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

သိုက်ချောင်းရွာ ပြည်စံအောင်ဈေးသို့ လှေလာရေးတစ်ခေါက်

နေပြည်တော် နိုဝင်ဘာ ၁၈

ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေသော ဈေးသစ်တစ်ဈေးကို ဖြတ်သွားဖြတ်လာတိုင်း အချိန်မရ၍ မလှေ့လာဖြစ်ခဲ့။ ယခုမှ အချိန်လုပြီး ဈေး၌ဆင်းကာ လေ့လာဖြစ်ခဲ့သည်။ ထိုဈေးကား နေပြည်တော်တပ်ကုန်းရှိ နန်းသြကျေးရွာအုပ်စု သိုက်ချောင်းရွာမှ ပြည်စံအောင်ဈေး....။

ဝယ်ယူရောင်းချနိုင်

ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် တည်ရှိသဖြင့် သွားလာရေး အဆင်ပြေသည်။ အနီးဝန်းကျင်မှ ကျေးရွာများဖြစ်သည့် နန်းသြ၊ သိုက်ချောင်း၊ ရင်ကွဲပင် စသည့်ရွာများမှ ဈေးရောင်း၊ ဈေးဝယ်သူများအတွက် အိမ်အသုံးအဆောင်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်နှင့် အခြားပစ္စည်းမျိုးစုံကို တစ်နေရာတည်း စုစုစည်းစည်း ဝယ်ယူရောင်းချနိုင်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ✦ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ✦ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော်တပ်ကုန်း ပြည်စံအောင်ဈေး

နေပြည်တော်တပ်ကုန်းရှိ သိုက်ချောင်းရွာတွင် တည်ဆောက်ထားသော ပြည်စံအောင်ဈေးကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

စိုက်ပျိုးရေသာမက ဒေသစိမ်းလန်းစိုပြည်ရေးပါ အထောက်အကူပြုနေသည့် မကွေးတိုင်း ချောက်မြို့နယ်ရှိ ဥမင်ကိုးပေါက်မြစ်ရေတင်စီမံကိန်း

စပါးနှင့် အခြားသီးနှံဧက ၄၇၀၀ကျော်အတွက် ဧရာဝတီမြစ်ရေတင်ပေးနေသည့် မကွေးခရိုင် ချောက်မြို့နယ် စလေဒေသ ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

နေပြည်တော် နိုဝင်ဘာ ၁၈

"ရွှေကိုမလို ရေကိုသာလိုသည်" ဟု ပြောစမှတ်ပြုရလောက်အောင် ရေရှားပါးသော မိုးနည်းရပ်ဝန်း အညာဒေသကား မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန်မြင့်မား၍ စိုက်ပျိုးရေးအတွက် ရေအခက်အခဲ ကြုံခဲ့ရဖူးသည်။

မိုးစပါးစိုက်ပျိုးနိုင်

အတိတ်ကာလက သဘာဝမိုးရေကိုသာ အားကိုးပြီး စိုက်ပျိုးလုပ်ကိုင်ရသဖြင့် မိုးအသင့်အတင့် ကောင်းသောနှစ်များတွင် မိုးကောင်းသောက်လယ်များ၌ မိုးစပါးစိုက်ပျိုးနိုင်ပြီး ဝမ်းစာစပါး ရရှိခဲ့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✱

သတင်းခရီးသည် - ထိန်လင်း

ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်)

ပြည်ထောင်စုတစ်ဝန်း လွယ်ကူစွာဆက်သွယ်နိုင်ရေး တံတားများတိုးချဲ့တည်ဆောက် သားစဉ်မြေးဆက်အသုံးပြုနိုင်ရေး ဒေသခံပြည်သူများ ထိန်းသိမ်းစောင့်ရှောက်

တပ်မတော်အစိုးရ နိုင်ငံတော်ကို စတင်တာဝန်ယူသည့်အချိန်မှစ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် နယ်မြေဒေသများ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများကို ရရှိလာခဲ့သည်။

ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဖြန့်ကြက်စီမံ ဖြည့်ဆည်းပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသတစ်ခုနှင့်တစ်ခုအကြား လွယ်ကူချောမွေ့စွာ သွားလာနိုင်၍ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများလာသဖြင့် ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများလည်း တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲကြီး-မြောင်းမြလမ်း မိုင်တိုင်အမှတ် ၅၇/၇ ရှိ ကံကြီးတံတား ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၅ ရက်နေ့က အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယင်းကံကြီးတံတားမှနေ၍ ဧရာဝတီတိုင်းမှထွက်ရှိသည့် ရေထွက်ပစ္စည်းများနှင့် ဆန်၊ စပါးများကို ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသို့ အရှေ့မှအနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ပို့ဆောင်နိုင်တော့မည်ဖြစ်သည်။

ကံကြီးတံတားအမျိုးအစားသည် သံကူကွန်ကရစ်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ စုစုပေါင်း ပင်မတံတား အရှည်ပေ ၂၀၀ရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ဧရာဝတီတိုင်းတွင် ယင်းတံတားကြီးသည် ၄၇စင်းမြောက်တံတားဖြစ်ပြီး ပေ၁၈၀နှင့်အထက် ၂၃၂စင်းမြောက် တံတားလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများအားလုံး ဒေသအနှံ့ လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍကို အလေးထားဖော်ဆောင်ပြီး လမ်းတံတားများ တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ၌ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ယင်းတံတားများ သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်ရေးအတွက် အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ဝင်ဆိုင်းဘုတ် ပန်းအလှပင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝဏ္ဏကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၉-၁၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀	၇။	မွေးမြူသုတ
၅း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်
၆း၂၅	၁၂။	ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၄)
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂၀)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ရှေးဟောင်းသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၂၈)

ကျောင်းကုန်းမြို့နယ်၌ မြန်မာ့အလင်းစာကြည့်တိုက်ပန္နက်တင် သုတ ရသစာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ကျောင်းကုန်း နိုဝင်ဘာ ၁၈

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် နိုင်ငံတော်မတည်ငွေနှင့်ကျေးရွာတို့ ပူးပေါင်းလှူဒါန်းသည့် ငွေကျပ်၂၅သိန်းတန်ဖိုးရှိ ကညင်သုံးဆင့်ကျေးရွာ မြန်မာ့အလင်းစာကြည့်တိုက် အဆောက်အအုံပန္နက်တင်မင်္ဂလာ၊ အလှူငွေပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ပန္နက်တင်မင်္ဂလာပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မြင့်ထွေး၊ ရပ်မိရပ်ဖ ဦးကျော်ဝင်းစိန်၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အလှူရှင် ဦးရွှေဝင်းနှင့် ဦးသန်းစိန်တို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး အလှူငွေပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ကျေးရွာမူလွန်ကျောင်း၌ ကျင်းပရာ နိုင်ငံတော်မတည်ငွေကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းကပေးအပ်ရာ မြို့နယ် အတွင်းရေးမှူး ဦးအောင်ဝင်းက လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးရွာအလှူရှင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၅သိန်းကို ကျေးရွာအလှူရှင်များကိုယ်စား အလှူရှင် ဦးရွှေဝင်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက လက်ခံယူသည်။ ထို့နောက် စာအုပ်များလှူဒါန်းရာ စာအုပ်အလှူရှင် ဦးမြင့်သိန်း-ဒေါ်ခင်ခင်နွဲ့မိသားစုက သုတရသ စာအုပ် ၈၀၊ ရပ်မိရပ်ဖ ဦးကျော်ဝင်းစိန်က ဂျာနယ်စုံအစောင် ၅၀နှင့် ဦးနီမိသားစုက သုတရသ စာအုပ် ၅၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၂၀-၁၁-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (တကယ်ဖြစ်ချင်ကြရဲ့လား)
၈း၃၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပဲ့တင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level-5)
၁၂း၁၀	အလုပ်အကိုင်အခွင့်အလမ်း ဘဏ္ဍာ/အခွန်(ဦးစီး/ရှိ)
၁၂း၃၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ခနမဲ့အချစ်စစ်)
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရာဇာဝင်းတင့်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (ညီမျှခြင်းနဲ့ ချစ်ကြပါ) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းရုံးချုပ်၏ ပံ့ပိုးစီစဉ်မှုဖြင့် နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန ဖားအောက် မော်လမြိုင်မြို့၌ အခြေခံရော်ဘာမျိုးခွဲခြားခြင်းသင်တန်းကို နိုဝင်ဘာ ၁၀ ရက်က ဖွင့်လှစ်ရာ အသုံးချသုတေသနဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးအေးဖေ အမှာစကားပြောကြားစဉ်။ (မြန်မာ့နှစ်ရှည်ပင်)

(၈၉)နှစ်မြောက်အမျိုးသားနေ့ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၁၈

(၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉နာရီက ကျိုင်းတုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ချီးမြှင့်

ထို့နောက် (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းကဖတ်ကြားပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူး ဦးမြင့်တင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အဖွဲ့ဝင်(၂) ဦးမောင်မောင်တင်၊ ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း၊ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးတင်လှနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ငွေငွေယဉ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး

အလှူငွေပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် နိုဝင်ဘာ ၁၃ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာတက္ကသိုလ် ပင်မနှစ်ထပ်ဆောင်၌ ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားသို့ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုံရွာမြို့နယ်ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်က အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မုံရွာမြို့နယ်အတွင်းရှိ ရေကန်စုကျေးရွာနှင့် စည်သာကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူငွေများကို မုံရွာတက္ကသိုလ် ပါမောက္ခချုပ်က ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးက ကျေးဇူးတင်စကားပြောကြားပြီး မုံရွာမြို့နယ် ကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် မုံရွာတက္ကသိုလ်စာကြည့်တိုက် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ ကန်သာယာကန် ပျိုးခြံအမှတ်(၂)အတွင်း ပန်းအလှပင်များ ပျိုးထောင်နေမှုနှင့် အပန်းဖြေဥယျာဉ်နှင့် ကလေးကစားကွင်းတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည့် သား၊ ငါးကဏ္ဍ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ကျောက်နီမော်ကျေးရွာရှိ အအေးခန်းစက်ရုံ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာရှိ နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ၌ ကင်းမွန်၊ ငါးကုန်ချော ပြုပြင်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် နိုဝင်ဘာ ၁၆ရက် ညနေပိုင်းတွင် ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ထားဝယ်ခရိုင် အတွင်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနအောက်မှ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ထားဝယ်)တို့မှ ဝန်ထမ်းများအားတွေ့ဆုံကာ နိုင်ငံတော်၏ သား၊ ငါးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ ဌာနအလိုက် ရည်မှန်းချက် ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဆွေးနွေး

ဝန်ကြီးသည် နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည့် သား၊ ငါးကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် အင်ဒိုနီးရှားမှ ပြန်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့တွင် နိုဝင်ဘာ ၁၂ရက်မှ ၁၃ရက်အထိ ကျင်းပသည့် အာရှပစိဖိတ်ကြေးနန်း ဆက်သွယ်ရေးအဖွဲ့၏ နှစ်(၁၀)မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးသို့တက်ရောက်ပြီး နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**နိဗ္ဗာန်သို့သွားသောခြေလှမ်းများ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၀	အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁)
၈း၃၀	25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (ဘီလီယက်)
၈း၅၅	**မက်မဆုံးတဲ့ပြက်လုံးများ** သာလောင်၊ စွမ်းထက်၊ ဂျယ်လီ
၉း၁၅	စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
၉း၃၀	Fashion Talk (Dancer Fashion)
၁၀း၁၅	အနုပညာရုပ်ဝန်းမှ ရန်ခုန်သံများ **မာမီရှိန်း**
၁၀း၄၅	Activites in the City (အရိုးအကြောအဆစ်ဆိုင်ရာ ဆွေးနွေးပွဲ)
၁၁း၁၀	ဒို့တိုင်းဌာနီဧရာဝတီ (ရော်ဘာ၊ ပုလော၊ သဘော်၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၁၀း၃၅	တေးစီးရီးမိတ်ဆက် "ဘီအိုထက်"၏ မျက်လုံးများဖွင့်
၁၁း၅၀	အမြင်ဆန်းတင့်သပ်ရပ်ခံ့ထည် အလှဆင်မယ်
၁၂း၀၅	စွမ်းအင်တို့ရဲ့ နှိုးစက် (ကခုန်ခြင်းနှင့်အားကစား)
၁၂း၂၅	ရန်ကုန်မြင်ကွင်းကျယ် (ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဟောပြောပွဲ)
၁၂း၃၅	စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
၁း၀၀	"နိဗ္ဗာန်သို့ သွားသောခြေလှမ်းများ" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Romantic Couple - 2)
၃း၂၅	တေးစီးရီးမိတ်ဆက် "ဘီအိုထက်"၏မျက်လုံးများဖွင့်
၃း၄၀	ရန်ကုန်မြင်ကွင်းကျယ် (အမျိုးသားစာပေဆုရဆရာကြီး လင်းယုန်သစ်လွင် (၁၆)နှစ်ပြည့် အမှတ်တရအခမ်းအနားနှင့်မိဘမဲ့ ကလေးကျောင်းသို့လှူဒါန်းခြင်း)
၄း၀၀	Activites in the City (အရိုးအကြောအဆစ်ဆိုင်ရာ ဆွေးနွေးပွဲ)
၄း၂၀	အလှဆင်စရာပရိဘောဂကမ္ဘာ Myanmar KEK Group Co.,Ltd.
၄း၅၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **မာမီရှိန်း**
၅း၂၀	ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်- ချောစုခင်)
၅း၃၅	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဒို့တိုင်းဌာနီဧရာဝတီ (ရော်ဘာ၊ ပုလော၊ သဘော်၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၆း၄၅	ဆန်းသစ်တီထွင် COAT FASHION (အပိုင်း-၃)
၇း၂၀	Fashion Music Festival (Romantic Couple -2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	**မက်မဆုံးတဲ့ပြက်လုံးများ** သာလောင်၊ စွမ်းထက်၊ ဂျယ်လီ
၈း၅၅	ရန်ကုန်မြင်ကွင်းကျယ် (ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဟောပြောပွဲ)
၉း၀၅	အနုပညာမိုးကောင်းကင်
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁)
၁၀း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၄၅	ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်မှု အန္တရာယ် ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၂း၁၅	မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁၂း၃၀	လူသုံးပစ္စည်းအလေးထား စက်မှု(၁)ရဲ့စွမ်းပကား စတီးပစ္စည်းနှင့် ကြွေရည်စိမ်ပစ္စည်း စက်ရုံ (မင်းစု)
၁၂း၄၅	ရန်ကုန်မြင်ကွင်းကျယ် (အမျိုးသားစာပေဆုရဆရာကြီး လင်းယုန်သစ်လွင်(၁၆)နှစ်ပြည့် အမှတ်တရအခမ်းအနားနှင့် မိဘမဲ့ ကလေးကျောင်းသို့ လှူဒါန်းခြင်း)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပညာရည်ချွန်ဆု

လှိုင်မြို့နယ် အထက(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ ပထမဆုရရှိသော မောင်ရဲမြတ်မောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးမော်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် နိုဝင်ဘာ ၁၈

ဦးခင်မောင်ဝင်း (ကြယ်နီဆေးပေါ့လိပ်)သည် နိုဝင်ဘာ ၁၅ရက် နံနက်ပိုင်းက တောင်ငူမြို့ Southern Star Golf ၌ ဂေါက်သီးရိုက်ကစားစဉ် ၁၅၆ကိုက်အကွာအဝေးရှိ ကျင်းအမှတ် (၆)သို့ Pro V-1 No.3 ဂေါက်သီးကို Majesty Iron -7 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးလှမင်း၊ ဦးဆန်းဦးလှိုင်၊ ဦးစိုးမြင့်၊ ဦးအေးနိုင်တို့နှင့်အတူ ကွင်းပတ်ရိုက်ကစားနေခြင်း ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၁၀)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် ညစာစားပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

Kyaw Zeyar Trading Group Co., Ltd.၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် ညနေ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Centre ၌ကျင်းပရာ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်နှင့် ပညာရှင်များ၊ အရောင်းကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

အခမ်းအနားတွင် Kyaw Zeyar Trading Group Co.,Ltd.၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာနိုင်ဝင်း (ယာပုံ)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဧည့်သည်များအား ကံစမ်းမဲဖောက်၍ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

Kyaw Zeyar Trading Group Co.,Ltd. (Authorized Distributor for Panasonic Telecomm & OA) သည် Japan နိုင်ငံ Matsushita Electric Industrial Co., Ltd. မှထုတ်လုပ်သော Panasonic P.A.B.X Exchange များ၊ Single Line Telephone များ၊ Cardless Telephone များ၊ Fax များ၊ CCTV Camera များ၊ Printer များနှင့် အခြား ဆက်သွယ်ရေးဆိုင်ရာ ကိရိယာများကို မြန်မာနိုင်ငံတွင်တင်သွင်း၊ တပ်ဆင်ရောင်းချရန်အတွက် Authorized Distributor အဖြစ်ရရှိထားသည့် ကုမ္ပဏီဖြစ်သည်။

ဆက်သွယ်နိုင်

Kyaw Zeyar Trading Group Co., Ltd.မှ Panasonic ပစ္စည်းများကို ဆက်သွယ်ဝယ်ယူလိုပါက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၈၇)ဖုန်း-၂၁၆၂၆၆၊ ၂၁၆၂၆၅၊ ၂၁၆၂၆၄၊ မန္တလေးမြို့ မင်္ဂလာဈေး အပေါ်ဆုံးထပ် လမ်း ၃၀နှင့် ၇၃လမ်းထောင့် ဖုန်း-၀၂-၆၁၆၂၆၊ ၀၂-၆၁၆၂၁၊ နေပြည်တော်ပျဉ်းမနား အမှတ်(၂၀) တောင်ညိုလမ်း ဖုန်း-၀၆၇-၂၁၅၈၈၊ ၀၆၇-၂၁၅၉၉တို့သို့ ဆက်သွယ် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ်-အာဖဂန် သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အမေရိကန်ထောက်ပံ့ရေး စစ်အခြေစိုက်စခန်းအနီး၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွား တစ်ရက်တည်း၌ပင် အီရတ်ပြည်သူ ၃၁ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံအတွင်း နိုဝင်ဘာ ၁၆ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ အီရတ်ပြည်သူ ၃၁ဦးသေဆုံးပြီး ၅၂ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အဘူဂါရစ်မြို့အနီးရှိ ဆာဒင်ကျေးရွာတွင် သေဆုံးနေသည့် အီရတ်လူမျိုး ၁၃ဦး၏ အလောင်းများကို တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူအချို့မှာ ဒေသတွင်းလုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

သေဆုံး

ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ အီရတ်ပြည်သူ ခြောက်ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိသွားသည်။ သေနတ်သမားများ ပစ်ခတ်မှုကြောင့် ထောက်လှမ်းရေးအရာရှိ တစ်ဦးသေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိသည်။

ဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့၌လည်း ပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသည်။ မိုဆူးလ်မြို့၌လည်း ဗုံးပေါက်ကွဲမှုများကြောင့် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည်။

မိုဆူးလ်မြို့၌ပင် အကြမ်းဖက်သမားဟု သံသယရှိသူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ သေနတ်သမားများ ပစ်ခတ်မှုကြောင့် ဖခင်ဖြစ်သူသေဆုံးပြီး သားဖြစ်သူမှာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိသွားသည်။

မာမိုဒီယာမြို့၌လည်း ပေါက်ကွဲမှု ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားသည်။ ဘဂ္ဂဒက်မြို့အနောက်ဘက် အနဗ့်ဇ်ကျေးရွာ၌ သေဆုံးသူလေးဦးကို ရှာဖွေတွေ့ရှိခဲ့သည်။

ဒဏ်ရာရရှိ

ဖလူးဂျာမြို့၌ ဗုံးပေါက်ကွဲမှုများကြောင့် ၁၇ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်တပ်ဖွဲ့အား လုံခြုံရေးတာဝန်လွှဲပြောင်းရေး ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း ဆွေးနွေး

လန်ဒန် နိုဝင်ဘာ ၁၈

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ကျင်းပသည့် နိုင်ငံတကာညီလာခံ၌ အာဖဂန်နိုင်ငံရေးနှင့်ပတ်သက်၍ လာမည့်နှစ်တွင် အာဖဂန်နစ္စတန်တပ်ဖွဲ့အား ၎င်းနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ တာဝန်အရပ်ရပ် လွှဲပြောင်းပေးရေးအတွက် နိုဝင်ဘာ ၁၆ရက်၌ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ဆွေးနွေးသည်။

လိုလား

ယင်းညီလာခံအနေဖြင့် စစ်ရေးဆိုင်ရာ မဟာဗျူဟာပြီးမြောက်အောင် ဆောင်ရွက်နိုင်မည့် အနှစ်သာရပြည့်ဝသော နိုင်ငံရေးမူဘောင်ချမှတ်ရန် မိမိလိုလားကြောင်း၊ ၂၀၁၀ခုနှစ်တွင် အာဖဂန်နစ္စတန်၏ ထိန်းချုပ်မှုအောက် အပြည့်အဝရှိစေရေးအတွက် ဒေသတစ်ခုပြီးတစ်ခုကို အာဖဂန်လုံခြုံရေးတာဝန်များ စတင်လွှဲပြောင်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ကောက်ချက်ချ

အာဖဂန်နစ္စတန်၌ တာလီဘန်အုပ်စုများသာ အာဏာပြန်လည်ရရှိပါက အယ်လ်ခိုင်ဒါနှင့် အခြားသော အကြမ်းဖက်အုပ်စုများ အနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာဖွယ်ရှိသည်ဟု ကောက်ချက်ချသည်။

၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်၌ ဖြစ်ပွားသည့်တိုက်ပွဲအတွင်း နိုင်ငံစုံတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားခဲ့ရာမှ ဗြိတိသျှတပ်ဖွဲ့ဝင် ၂၃၄ ဦး သေဆုံးခဲ့ကြောင်း ထပ်လောင်း ပြောကြားသည်။ **(အင်တာနက်)**

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ၂၉၀အကွာရှိ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မွေးရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှု ဖလူးဂျာမြို့၌ များပြားလာ

ဖလူးဂျာ နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံ ကျူးကျော်တိုက်ခိုက်ခံရပြီးနောက် တိုက်ပွဲကြီးနှစ်ကြိမ် ကြုံခဲ့ရသည့် ဖလူးဂျာမြို့၌ မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းမှုနှင့် ငယ်စဉ်ကလေးဘဝမှပင် ကင်ဆာရောဂါခံစားနေရမှုမှာ ယခင်ကထက် ၁၅ဆ ပိုမိုများပြားလာခဲ့ကြောင်း နိုဝင်ဘာ ၁၆ ရက်တွင် ဆရာဝန်များက ပြောကြားသည်။

အံ့သြဖွယ်

အီရတ်စစ်ပွဲစတင်ခဲ့သည့် ၂၀၀၃ခုနှစ်မတိုင်မီက မွေးရာပါကိုယ်လက်အင်္ဂါ ချို့ယွင်းမှုမှာ အနည်းငယ်သာရှိခဲ့သော်လည်း ယခုအချိန်၌ အံ့သြဖွယ်ကောင်းလောက်အောင် များပြားလာကြောင်း၊ ထို့ပြင် ပင်မအာရုံကြောဖွဲ့စည်းမှုစနစ်များမှာလည်း ထုံထိုင်းလေးလံမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရကြောင်း ဒေါက်တာအာမန်ကွီးက ပြောကြားသည်။

ဆက်စပ်နိုင်

မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းမှုများ ဖြစ်လာရသည့်အကြောင်းရင်းကို အတိအကျ မပြောနိုင်သော်လည်း တိုက်ပွဲများဖြစ်ပွားပြီး ထွက်ပေါ်လာသည့် အဆိပ်သင့်ဓာတုပစ္စည်းများနှင့်ဆက်စပ်နိုင်သည်ဟု ဆရာဝန်များက ပြောကြားသည်။ ***(အင်တာနက်)***

အာဖဂန်၌ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ အရပ်သားများသေဆုံး

ကဘူးလ် နိုဝင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေသော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိသည်။

ကာပီဆာ

ကဘူးလ်မြို့ အရှေ့မြောက်ဘက် ကာပီဆာပြည်နယ်၌ နိုဝင်ဘာ ၁၆ရက်က တာလီဘန်များက ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သဖြင့် အရပ်သား ၁၄ဦး သေဆုံးခဲ့ရကြောင်း ၊ အခြား ၃၈ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟယ်လ်မန်း

ဟယ်လ်မန်းပြည်နယ်တောင်ပိုင်း ဂါရစ်ခရိုင်၌ လမ်းဘေးထောင်ဗုံးဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အာဖဂန်အရပ်သား နှစ်ဦး သေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကွန်ဒတ်

ကွန်ဒတ်ပြည်နယ်မြောက်ပိုင်း ချန်ဒါရာနှင့် ခမ်းအာဘတ်ခရိုင်တို့၌လည်း နိုဝင်ဘာ ၁၆ရက်က နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများနှင့် အရပ်သားများသေဆုံးခဲ့ရကြောင်း၊ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးလည်း သေဆုံး ခဲ့ရကြောင်း သိရသည်။ ***(အမ်အန်အေရိုက်တာ)***

အာဖဂန်၌ အကျင့်ပျက်သူများ တရားစွဲဆိုရန် စီစဉ်

ကဘူးလ် နိုဝင်ဘာ ၁၈

လာမည့် သီတင်းပတ်များအတွင်း ဖွဲ့စည်းမည်ဟု မျှော်လင့်ရသည့် သမ္မတကာဇိုင်းအစိုးရအဖွဲ့သစ်သည် အနောက်တိုင်းခေါင်းဆောင်များနှင့် မီဒီယာများ၏ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခံရပြီးနောက် အာဖဂန်နစ္စတန်၌ တိုးပွားများပြားလာနေသော အစိုးရအဖွဲ့ အကျင့်ပျက်မှုများကို တိုက်ဖျက်ချေမှုန်းသွားလိမ့်မည်ဟု သတင်းရရှိသည်။

စီစဉ်ထား

အစိုးရအကျင့်ပျက်မှုများတွင် ပါဝင်ပတ်သက်သူ သို့မဟုတ် အစိုးရအဖွဲ့၏ အမိန့်ညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော်ရန် ပျက်ကွက်သူအစိုးရအရာရှိများအား တရားစွဲဆိုရန် စီစဉ်ထားသည်ဟုလည်း သိရသည်။ (အင်တာနက်)

ကနေဒါတပ်ဖွဲ့များ အာဖဂန်မှရုပ်သိမ်းရေး တိုက်တွန်း

ဗန်ကူးဗား နိုဝင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံမှ ကနေဒါတပ်ဖွဲ့ဝင်များ ထွက်ခွာသွားရမည်ဟု အာဖဂန်နိုင်ငံရေးတက်ကြွလှုပ်ရှားသူ မာလာလိုင်းဂျိုယာက တိုက်တွန်းပြောကြားသည်။

စတင်ထွက်ခွာ

မာလာလိုင်းဂျိုယာသည် အမေရိကန်တွင် ခရီးလှည့်လည်ခဲ့ပြီးနောက် ကနေဒါနိုင်ငံသို့ ရက်သတ္တနှစ်ပတ်ကြာ ခရီးလှည့်လည်ရန် နိုဝင်ဘာ ၁၇ရက်က စတင်ထွက်ခွာခဲ့သည်။

ပြောကြား

ကနေဒါနိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ မိမိတို့တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း ဂျိုယာက တိုင်းမ်ကိုလိုနစ်သတင်းစာသို့ ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ ဈေးအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သေနတ်ဒဏ်ရာဖြင့် အလောင်းတွေ့ရှိ

ကယ်ကွတ် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တောင်ပိုင်းရှိ ဈေးအနီး၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော အမည်မသိ အမျိုးသားတစ်ဦး၏ အလောင်းကို နိုဝင်ဘာ ၁၇ရက်တွင် တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအမျိုးသားသည် အသက် ၃၅နှစ်မှ ၄၀ အတွင်းရှိပြီး မျက်နှာကိုအဝတ်ဖြင့် စည်းနှောင်ခံရကာ လက်ကိုကြိုးဖြင့် တုပ်ခံထားရပြီး ဦးခေါင်းတွင်သေနတ်ဒဏ်ရာဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း သတင်း၌ဖော်ပြထားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ တာဂတ်တောင်ကြား ဒေသသို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

19-11 (04).pmd 1 11/19/2009, 1:29 PM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၁၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၄၂၁ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၂၀၂၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၄၂၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၂၀၂၈ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် နိုဝင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၁၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၄၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၈၀၂၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၄၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၀၂၂ ဦး

(အင်တာနက်)

အခမဲ့စမ်းသပ်ကုသ

ဗီယက်နမ်နိုင်ငံ ဘတ်ကိုင်ပြည်နယ်၌ တရုတ်မျက်စိ ဆရာဝန်အဖွဲ့ အခမဲ့စမ်းသပ်ကုသပေးလျက်ရှိသည်ကို နိုဝင်ဘာ ၁၇ ရက်ကတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရာသီဥတုပြောင်းလဲမှုပြဿနာကိုင်တွယ်ရေး

တရုတ်-အမေရိကန်ပူးပေါင်းဆောင်ရွက်ရန် အိုဘားမားနှိုးဆော်

ရှန်ဟိုင်း နိုဝင်ဘာ ၁၈

ရာသီဥတုပြောင်းလဲမှုကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ တရုတ်အစိုးရနှင့် အမေရိကန်အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှု ခိုင်ခိုင်မာမာရှိကြရန် အမေရိကန်သမ္မတ အိုဘားမားက နိုဝင်ဘာ ၁၆ရက်တွင် နှိုးဆော်လိုက်သည်။

တရုတ်နှင့်အမေရိကန် သဘောမတူသမျှ ဖြေရှင်း၍ရနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအနည်းငယ်သာရှိမည်ဖြစ်ကြောင်း သမ္မတ အိုဘားမားက ထည့်သွင်းပြောကြားသည်။

တွေ့ဆုံ

လေးရက်ကြာ တရုတ်ခရီးစဉ်၏ ပထမခရီးတစ်ထောက်အဖြစ် ရှန်ဟိုင်းမြို့ မြို့တော်ခန်းမ၌ တရုတ်ကျောင်းသားများနှင့် တွေ့ဆုံစဉ် မေးခွန်းတစ်ခုကို သမ္မတ အိုဘားမားက အထက်ပါအတိုင်း ဖြေဆိုပြောကြားလိုက်ခြင်းဖြစ်သည်။

ထုတ်လွှတ်မှုလျှော့ချ

ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုအများဆုံး နှစ်နိုင်ငံအနေဖြင့် တရုတ်နှင့်အမေရိကန်တို့က ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို တာဝန်ယူဆောင်ရွက်သင့်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရာ၌ မိမိတို့နှစ်နိုင်ငံဆောင်ရွက်ရန် ဆန္ဒမရှိပါက ယင်းပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း သမ္မတ အိုဘားမားက ပြောကြားလိုက်သည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရေးအတွက် ဒိန်းမတ်နိုင်ငံ၌ ဒီဇင်ဘာလတွင်ကျင်းပမည့် ကိုပင်ဟေဂင်ညီလာခံ၌ သဘောတူညီချက်ရအောင် ကြိုးပမ်းကြရန် သမ္မတအိုဘားမားက ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

ပန်ဒါဝက်ဝံများမွေးမြူရေး သုတေသနဌာနထူထောင်

ချိန်တူ နိုဝင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်းစီချွမ်ပြည်နယ်တွင် ဖမ်းဆီးရမိထားသော ပန်ဒါဝက်ဝံများ ယင်းတို့၏တောတောင်များနှင့် နေထိုင်သကဲ့သို့ လိုက်လျောညီထွေ နေထိုင်ကျက်စားသွားနိုင်အောင် အထောက်အကူပြုရန် သုတေသနဌာနတစ်ခုကို စတင်ထူထောင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါသုတေသနဌာနသည် ချိန်တူ ပန်ဒါဝက်ဝံကြီးများစခန်း၏ ကွပ်ကဲမှုအောက်တွင်ရှိကြောင်း၊ပန်ဒါဝက်ဝံမွေးမြူရေးစခန်းကို ဒူကျီယင်ဂျန်စီတီရှိ တောတောင်ထူထပ်သောယူတန်တောင်းတွင်တည်ဆောက်နေပြီဖြစ်ကြောင်း၊ ယင်းအဆောက်အအုံတည်ဆောက်ရသည့် ကုန်ကျစရိတ်မှာ ယွမ်ငွေသန်း ၆၀ (အမေရိကန်ဒေါ်လာ ၈ ဒသမ၈သန်း)ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ



ဆီးနှင်းများကျဆင်း

ရုရှားနိုင်ငံ မော်စကိုမြို့၌ ဆီးနှင်းများ ကျဆင်းလျက်ရှိသည်ကို နိုဝင်ဘာ ၁၇ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မြောက်ဘက်ကျေးရွာ၌ မြေပြိုမှုဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မြောက်ဘက် မိုင် ၆၀ ခန့်အကွာ ကျေးရွာတစ်ရွာတွင် နိုဝင်ဘာ ၁၈ ရက်၌ မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး အိမ်သုံးလုံးပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

ယီမင်၌ ပြန်ပေးဆွဲခံရသော ဂျပန်အင်ဂျင်နီယာပြန်လွတ်မြောက်လာ

ယီမင်လက်နက်ကိုင်များက ပြန်ပေးဆွဲသွားသော ဂျပန်အင်ဂျင်နီယာအား ဆန်ရာမြို့အနီး၌ ယီမင်လက်နက်ကိုင်များက ပြန်လွှတ်ပေးလိုက်ကြောင်း ယီမင်အရာရှိများက နိုဝင်ဘာ ၁၈ ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ရစ်ချ်တာစကေး ၅ ဒသမ ၆ ရှိသော ငလျင်လှုပ်ခဲ့ရာ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါ၍ ပျက်စီးမှုများရှိခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန်စစ်တပ်၌ မိမိကိုယ်မိမိသတ်သေမှု ယခုနှစ်အတွင်း ၁၄၀အထိရှိခဲ့

၂၀၀၉ ခုနှစ်အတွင်း အမေရိကန်စစ်တပ်၌ မိမိကိုယ်မိမိ သတ်သေမှုပေါင်း ၁၄၀ အထိရှိခဲ့ကြောင်း၊ ယင်းမှာ နိုဝင်ဘာ ၁၈ ရက်အထိဖြစ်ကြောင်း အမေရိကန်စစ်ဘက်မှ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား၌ ရဟတ်ယာဉ်ပျက်ကျ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်ရှိ မာရီနာကမ်းခြေတွင် နိုဝင်ဘာ ၁၈ ရက်က ပင်လယ်ပြင်ထဲသို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသူများအား ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ဘရာဆီးလီးယား နိုင်ငံတကာ ရုပ်ရှင်ပွဲတော် ဇာတ်ကားပေါင်း ၃၀၀ကျော် ပါဝင်ပြသ

ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့တွင် (၄၂)ကြိမ်မြောက် ဘရာဆီးလီးယား နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်၌ စတင်ဖွင့်လှစ်လိုက်ကြောင်း၊ ယင်းပွဲတော်သည် နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိဖြစ်ပြီး နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀၀ ကျော် ပါဝင်ပြသလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ နယူးဇီလန်ဖွင့်လှစ်ပေးမည်

နယူးဇီလန်နိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို စီးပွားရေးလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ဖွင့်ပေးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက်၌ နယူးဇီလန်အရာရှိများကပြောကြားသည်။

ဘရာဇီးမှ မူးယစ်မှောင်ခိုကိစ္စ လူ ၅၀ အားဖမ်းဆီး

ဘရာဇီးရဲတပ်ဖွဲ့သည် ရီယိုဂရင်ဒီဒူဆူလ်ပြည်နယ်တွင် နိုင်ငံတကာ မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ဆက်သွယ်သူ လူ ၅၀ အား နိုဝင်ဘာ ၁၈ ရက်၌ ဖမ်းဆီးလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်အလယ်ပိုင်း၌ နှင်းများထူထပ်စွာကျဆင်း

တရုတ်နိုင်ငံအလယ်ပိုင်း အန်ဟွေးပြည်နယ်တွင် နိုဝင်ဘာ ၁၈ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းမှုကြောင့် မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့ကြောင်း၊ အိမ်အမိုးများအပေါ် ဆီးနှင်းများဖုံးလွှမ်းမှုကြောင့် အိမ် ၃၆၆ လုံး ပြိုကျခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

❒ ရှေ့ဖုံးမှ

ကျယ်ဝန်းသပ်ရပ်

ဈေးအပြင်ဘက်မှကြည့်လျှင် သွပ်မိုးများဖြင့် ဖွေးဖွေးလှုပ်နေသော ဆိုင်ခန်းများအား ကျယ်ဝန်းသပ်ရပ်စွာ တည်ဆောက်ထားသည်ကို တွေ့ရသည်။ ဆိုင်ခန်းများကို အတန်းလိုက် တည်ဆောက်ထားသဖြင့် သပ်ရပ်ရှင်းလင်းကာ ဈေးရောင်းသူနှင့် ဈေးဝယ်သူများအတွက် လွတ်လပ်ကျယ်ဝန်းစွာ သွားလာရောင်းဝယ်နိုင်သည်။ ပြည်စံအောင် ဈေးရှေ့တွင် ကျယ်ဝန်းသော ယာဉ်ရပ်စခန်းရှိရာ ဈေးသို့ ကားနှင့်ဆိုင်ကယ်များဖြင့်လာသူများအတွက် အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

ဆိုင်ခန်းများ

ဈေးအတွင်း လှည့်လာကြည့်ရာ အထည်ဆိုင်များ၊ စတိုးဆိုင်များနှင့် ရွှေဆိုင်များပါရှိသည့် ဆိုင်တန်းများ၊ စားသောက်ဆိုင်ခန်းများ၊ သားငါးဆိုင်ခန်းများ၊ ဆံသနှင့် အပ်ချုပ်ဆိုင်ခန်းများပါဝင်ကြောင်း တွေ့ရသည်။ ထို့အပြင် ငါးပိ၊ ငါးခြောက်ဆိုင်တန်း၊ ကုန်စုံနှင့် ကုန်ခြောက်ဆိုင်တန်း၊ ကုန်စိမ်းနှင့် ပန်းများရောင်းချသည့်ဆိုင်တန်းနှင့် ပုံကျဆိုင်တန်းများ ပါဝင်ကြောင်းတွေ့ရသည်။

ဈေးအတွင်း ဆိုင်ခန်းအများအပြားဖွင့်လှစ်ရောင်းချနေပြီဖြစ်ရာ ဈေးရောင်းဈေးဝယ်ဖြစ်လျက်ရှိသည်။ အဝတ်အထည်၊ စတိုးနှင့် ရွှေဆိုင်ခန်းများမှာ တစ်ခန်းလျှင် အနံ ၁၀ ပေ၊ အလျား ၁၀ ပေကျယ်ဝန်းပြီး ၁၂၈၂ ခန်းရှိသည်။

စားသောက်ဆိုင်ခန်းများမှာ အနံ ရှစ်ပေ၊ အလျားပေ ၂၀ ရှိပြီး စုစုပေါင်း ၄၈ခန်းရှိသည်။ သားငါးဆိုင်ခန်းများမှာလည်း အလျားရှစ်ပေ၊ အနံရှစ်ပေ အရွယ်အစားရှိ ဆိုင်ခန်းပေါင်း ၂၅ခန်းပါဝင်ကြောင်း မြင်တွေ့ရသည်။ ပြည်စံအောင်ဈေးတွင်

"ဈေးဝယ်ရတာအဆင်ပြေသွားတယ်။ ပစ္စည်းမျိုးစုံလည်း ရှိတယ်။"

ဒေါ်အေးစန်း

စုစုပေါင်းဆိုင်ခန်း ၁၃၉၀ တည်ဆောက်ထားရာ ဈေးဆိုင်ခန်းများကို တစ်နံတစ်လျားစီတန်းစွာ မြင်တွေ့ရသည်။

တည်ဆောက်

ထို့အပြင် ငါးပိ၊ ငါးခြောက် ဆိုင်ခန်း ၁၉၂ ခန်း၊ ကုန်စုံနှင့် ကုန်ခြောက်ဆိုင်ခန်း ၁၄၈ခန်း၊ ကုန်စိမ်းနှင့် ပန်းများရောင်းသည့်ဆိုင်ခန်း ၂၅၆ခန်း၊ ပုံကျဆိုင်ခန်းများပါရှိသည့် အနံပေ ၂၀နှင့် အလျား ၄၈ ပေကျယ်သော အဆောင်လေးဆောင်ကိုလည်း ထည့်သွင်း တည်ဆောက်ပေးထားသည်။

ပြည်စံအောင်ဈေးအတွင်း ၂၄ ပေ ကျယ်သော ပတ်လမ်း၊ ၁၅ ပေကျယ်သော ဖြတ်လမ်းနှင့် ရှစ်ပေကျယ်သည့် ကြားလမ်းများကိုလည်း ပြုလုပ်ပေးထားသဖြင့် ဈေးဆိုင်တန်းတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ဖြတ်သန်းသွားရောက်နိုင်အောင်လည်း စီစဉ်ပေးထားသည်။ ထို့ကြောင့် ဈေးဝယ်သူများ မိမိကြိုက်နှစ်သက်သည့် ဆိုင်ခန်းများမှ ကုန်ပစ္စည်းများကို လျင်မြန် လွယ်ကူစွာ သွားရောက်ဝယ်ယူနိုင်ပေပြီ။

အဆင်ပြေ

ပြည်စံအောင်ဈေးတွင် ဈေးဝယ်ပြီး ပြန်ထွက်လာသူ အမျိုးသမီးကြီးတစ်ဦးအား မြန်မာ့အလင်းက မေးမြန်းရာ "နာမည်က ဒေါ်အေးစန်းလို့ခေါ်ပါတယ်။ သိုက်ချောင်းရွာအနီးက တည်ဆောက်ရေးလုပ်ငန်းခွင်ကပါ။ အလုပ်သမားတွေကို ချက်ပြုတ်ကျွေးဖို့ ဈေးလာဝယ်တာပါ။ ဒီဈေးဖွင့်လိုက်တော့ ဈေးဝယ်ရတာနီးသွားတယ်။ သွားလာရေးလည်း အဆင်ပြေတယ်၊ ဈေးဝယ်လို့လည်း ကောင်းပါတယ်၊ လိုအပ်တာကို ချက်ချင်းလာဝယ်လို့ရတာမို့ အတော်လေး အဆင်ပြေပါတယ်"ဟု ဈေးခြင်းတောင်းဆွဲပြီး ပြောပြသည်။ ခြင်းတောင်းထဲတွင်လည်း ဈေးမှ ဝယ်လာသည့်ပစ္စည်းများက အပြည့်ဖြစ်သည်။

ရောင်းချ

ပြည်စံအောင်ဈေးမှာ သိုက်ချောင်းရွာတွင်တည်ရှိပြီး ရန်ကုန်-မန္တလေး မော်တော်ကားလမ်းဘေး၌တည်ဆောက်ထားသဖြင့် အနီးဝန်းကျင်မှ ဒေသထွက်ကုန်များ လာရောက် ရောင်းချကြသည်ကိုလည်း တွေ့ရသည်။ ငှက်ပျောသီး၊ ကွမ်း၊ သခွားသီးနှင့် အခြားဟင်းသီးဟင်းရွက်မျိုးစုံကို ဒေသခံများလာရောက်ရောင်းချ လျက်ရှိသည်။

တိုးတက်မှု

နေပြည်တော်တပ်ကုန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသည့် ပြည်စံအောင်ဈေးကား ဒေသခံဈေးရောင်း၊ ဈေးဝယ်သူများအတွက် အဆင်ပြေစေသည်သာမက ဒေသဖွံ့ဖြိုး တိုးတက်မှုကိုပါ ဖော်ဆောင်ပေးလျက်ရှိ နေပါကြောင်း။ ။

(မြန်မာ့အလင်း)

● ကျောဖုံးမှ

သို့ဖြစ်ရာ ဘိုးစဉ်ဘောင်ဆက် ခေတ်အဆက်ဆက် ရေလမ်းကို အားကိုးနေခဲ့ကြရသည့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် ကျွန်းပေါ်ရှိ ရွာပေါင်းများစွာ၌ နေထိုင်ကြသည့် ပြည်သူတို့အနေဖြင့် ကုန်းလမ်းထွက်ပေါက်ကြီး ခိုင်ခိုင်မာမာရရှိသွားပြီဖြစ်သည်။

တိုးတက်ခိုင်မာ

ဤကဲ့သို့ နိုင်ငံနှင့်အဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင်ဖွံ့ဖြိုးမှု၊ ဒေသအလိုက်စီးပွားရေး တိုးတက်ကောင်းမွန်မှု၊ ဒေသခံပြည်သူများ၏ အသိအမြင် ဗဟုသုတ တိုးတက်ကြွယ်ဝမှုတို့ကို ဖော်ဆောင်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားပြည်သူအချင်းချင်း ဆက်သွယ်မှု၊ ရင်းနှီးကျွမ်းဝင်မှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ကိုပါ တိုးပွားစေသည့်အတွက် တိုင်းရင်းသား ပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကိုလည်း တိုးတက်ခိုင်မာလာစေလျက်ရှိသည်။

ရခိုင်ပြည်နယ်၏ အဓိက အသက်သွေးကြောဖြစ်သည့် ဆက်သွယ်ရေးလမ်းမကြီးများ ပေါ်ပေါက်လာသည်နှင့်အမျှ အဓိက စိုက်ပျိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ရာ အိပ်မက်လမ်းတံတားများ အစီအရီပေါ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

■ ကျောဖုံးမှ

ရှင်းလင်းဟောပြော

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေက နေပြည်တော် - ရန်ကုန် အမြန်လမ်းမကြီးပေါ်တွင် စက်ဘီးစီးနှင်းခွင့်မပြုသည့် တားမြစ်ချက်နှင့် အခြားဥပဒေပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဒုတိယရဲမှူးတင်ဦးက မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေး ဗဟန်းမြို့နယ် အထက(၃)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၃) အောင်ဆန်းခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၅ရက် နံနက် ၁၀နာရီကကျင်းပရာ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းနှင့် ရန်ကုန်(အနောက်)မူးယစ်အထူးအဖွဲ့ ရဲအုပ်သောင်းစံတို့က မူးယစ်ဆေးဝါးဆိုးကျိုးများကို ဟောပြောသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ပြုံးပြုံးကြည်က ပြစ်မှုပြစ်ဒဏ်ခံရပုံများနှင့် ပတ်သက်၍ဟောပြောသည်။ **(မြို့နယ် ပြန်/ ဆက်)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နှလုံးရောဂါဝေဒနာရှင်များ အားထားသင့်သည့် တရားထိုင်ခြင်းအလေ့အကျင့်

ကျန်းမာရေး အကျိုးကျေးဇူးများ ခံစားရသည်ဟူ၍ သိရှိနေသည့် တရားထိုင် (ကမ္မဋ္ဌာန်းအားထုတ်)ခြင်းကြောင့် နှလုံးရောဂါ ဝေဒနာရှင်များ သေဆုံးနှုန်းကို လျှော့ချနိုင်ကြောင်း မကြာမီက လေ့လာတွေ့ရှိရသည်ဟုဆိုသည်။

လျှော့ပါး

နေ့စဉ် မိနစ် ၂၀ကြာမျှ နှစ်ကြိမ် တရားထိုင်လျှင် နှလုံးရောဂါဖြစ်နေသူများ၏ သေဆုံးမှုနှုန်း ၄၇ ရာခိုင်နှုန်း လျှော့ပါးသွားကြောင်း လေ့လာတွေ့ရှိရသည်။

တရားထိုင်ခြင်းကြောင့် လူတစ်ဦးချင်း၏ စိတ်ဖိစီးမှုနှင့် သွေးပေါင်ချိန်တို့ကို သိသိသာသာ လျှော့ချနိုင်သည်။ နှလုံးရောဂါနှင့် လေဖြတ်ဝေဒနာကင်းဝေးရန် တရားထိုင်သင့်သည်ဟုဆိုသည်။

ကောက်ချက်ချ

နှလုံးရောဂါနှင့် ဆက်စပ်သည့် ရောဂါဝေဒနာများ ကာကွယ်ရေးအတွက် တရားထိုင်ခြင်းမှာ လောလောလတ်လတ် တွေ့ရှိသည့် ဆေးဝါးအမျိုးအစား တစ်ရပ်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ကောက်ချက်ချသည်။ ။

မအူပင်မြို့နယ်၌ မိုးစပါးစုပေါင်းရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၁၈

မအူပင်မြို့နယ်ရှိ ဝတီပိုင်ကုမ္ပဏီလီမိတက်နှင့် ဆန်စပါးအထူးပြု ကုမ္ပဏီဖြစ်သည့် ရေဝတီစီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက်တို့က မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၈၈၀)နှင့် ငါးပိအိုင်ကျေးရွာ ကွင်းဦးပိုင် ၁၇/၃တို့၌ စိုက်ပျိုးထားသည့် ဆင်းသုခမိုးစပါး မျိုးသန့်စိုက်ခင်း စုပေါင်းရိတ်သိမ်းပွဲကို နိုဝင်ဘာ ၇ရက်၌ ပြုလုပ်ရာ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့က ရိတ်သိမ်းကြပြီး တစ်ဧကလျှင် စပါး ၈၇ဒသမ၉၂တင်း ထွက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စာကြည့်တိုက်ဆောက်လုပ်ရေး ခန္တီး၌ဆွေးနွေး

နိုင်ငံတော်၏ ပံ့ပိုးလှူဒါန်းမှုဖြင့် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ခန္တီးမြို့နယ် စိန်နန်း ကျေးရွာရုံးခန်း၌ အောက်တိုဘာ ၂၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက နိုင်ငံတော်၏ ပံ့ပိုးလှူဒါန်းမှုဖြင့် ကျေးရွာစာကြည့်တိုက်ကို သတ်မှတ်ပုံစံနှင့်အညီ အချိန်မီ သတ်မှတ်ဆောက်လုပ်ပြီးစီးရေး ဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

ဘိုးဘွားရိပ်သာဆောက်လုပ်ရန် ကောလင်း၌ညှိနှိုင်း

ကောလင်းမြို့နယ်၌ သက်ကြီးရွယ်အို ဘိုးဘွား ၅၀အတွက် ငွေကျပ်သိန်း၁၆၀၀ ကုန်ကျမည့် ဘိုးဘွားရိပ်သာ အဆောက်အအုံအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ရက်က ဘိုးဘွားရိပ်သာခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းသိမ်း၊ မြို့နယ်အတွင်းရေးမှူးဦးဝင်းအောင်နှင့် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလေးတို့က အမှာစကားပြောကြားကြပြီး ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်က ဘဏ္ဍာရေးနှင့် လုပ်ငန်းတည်ဆောက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ (ဝ၃၂)

ပန်းမော်၌ မြို့သာယာလှပရေးဆောင်ရွက်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ရက်က ဗိုလ်ချုပ်လမ်း ဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်ခြင်းတို့ကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိန်မောင်မြင့် ကြီးကြပ်ဆောင်ရွက်သည်။ (ခရိုင် ပြန်/ဆက်)

စာစီစာကုံးပြိုင်ပွဲ ဆုရသူများ ရမည်းသင်း၌ ဆုချီးမြှင့်

ရမည်းသင်းမြို့၌ (၈၉)နှစ်မြောက် အမျိုးသားနေ့နှင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက ရမည်းသင်းမြို့ အထက(၁)အနော်ရထာခန်းမ၌ ကျင်းပရာ (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးလှဝင်းတင့်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၁၆၉)

ကျောက်တလုံးကြီး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့်အဖွဲ့ နိုဝင်ဘာ ၁၂ရက်က ကက္ကူကျေးရွာအုပ်စု ဆောင်းဖိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အမှတ် (၂၆)၌ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်း ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက နယ်လှည့်စာကြည့်တိုက် စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ဘူးသီးတောင်မြို့မဈေး၌ ကွန်ကရစ်လမ်းခင်း

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ကွန်ကရစ်လမ်းခင်းဆောင်ရွက်ထားမှုကို အောက်တိုဘာ ၁၀ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

နမ္မတူ၌ ရေပိုက်များယိုစိမ့်ခြင်းမရှိရေး ဆောင်ရွက်

နမ္မတူမြို့နယ် လုပ်လေကျေးရွာရှိ သောက်သုံးရေကန်၊ ရေထွက်ဂိတ်နှင့် ရေပိုက်လိုင်း သွယ်တန်းမှုများ ကောင်းမွန်ခြင်းရှိ မရှိကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ သွားရောက်စစ်ဆေးကြီးကြပ်ပြီး ရေထွက်ဂိတ်နှင့် ရေပိုက်လိုင်း သွယ်တန်းမှုတစ်လျှောက် ရေပိုက်များ ပေါက်ပြဲယိုစိမ့်ခြင်း မရှိစေရေးအတွက် ကျေးရွာဥက္ကဋ္ဌ ဦးယောဆက်နှင့် ကျေးရွာသားများ စုပေါင်းဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့ သပြေလမ်းကတ္တရာခင်း

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၅)ရပ်ကွက် သပြေလမ်း ကတ္တရာလမ်းခင်းခြင်းကို အောက်တိုဘာ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်၊ အငယ်တန်းအင်ဂျင်နီယာ(၃)ဦး အောင်စည်ဟိန်းတို့ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများက ကတ္တရာလမ်းသစ်အဖြစ် ဆောင်ရွက်ကြသည်။ (ဝ၉၂)

ရွှေဘို၌ လုပ်ငန်းစွမ်းဆောင်ရည် သင်တန်းဖွင့်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခင်ဦး၊ ရွှေဘို၊ ဝက်လက်တို့မှ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့ ရန်ကြီးအောင် အားကစားခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအုံးချိုက အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အသိပညာပေးပို့ချကြသည်။ (၁၈၂)

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေး စင်ကာပူ၌ကျင်းပ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ရက်မှ ၁၄ရက်အထိ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အမှုဆောင်အရာရှိကြီးများ၏ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ (အောက်ပုံ)

ရှေးဦးစွာ နိုဝင်ဘာ ၁၁ရက် မွန်းလွဲပိုင်းတွင် Marina Mandarin Hotel၏ Vanda Ballroom ၌ ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေး (Special ASEAN Finance Minister's Meeting) သို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံ အခြေခံအဆောက်အအုံ ရန်ပုံငွေ (ASEAN Infrastructure Fund)၊ နိုင်ငံများအကြား ငွေကြေးအကူအညီပေးရေးအတွက် ဖဇင်းမယ် အစီအစဉ်တွင် နိုင်ငံစုံ ပါဝင်လာရေး လုပ်ငန်းစဉ်ဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းမှု ယူနစ် (CMIM Surveillance Unit) ထူထောင်ရေး၊ အာဆီယံမက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးကြီးကြပ်ထိန်းကျောင်းမှုရုံး (Macroeconomic and Surveillance Office-MFSO) တည်ထောင်ခြင်းဆိုင်ရာ တိုးတက်မှုများအပေါ် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ဆက်လက်၍ နိုဝင်ဘာ ၁၂ ရက်တွင် Suntec Singapore International Convention and Exhibition Centre ရှိ Function Room (201) ၌ အာဆီယံ-အမေရိကန် ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး (Informal ASEAN-US Finance Minister's Meeting) သို့ တက်ရောက်ပြီး အစည်းအဝေးတွင် ကမ္ဘာ့ငွေရေးကြေးရေး အကျပ်အတည်း၏ အမေရိကန်ပြည်ထောင်စုနှင့် အရှေ့တောင်အာရှအပေါ် ရိုက်ခတ်မှုနှင့် ဆက်လက်ဆောင်ရွက်ရန် အချက်များ၊ အထူးသဖြင့် ဘက်ညီပြီး စဉ်ဆက်မပြတ်ရှိသည့် စီးပွားရေး တိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ရမည့် အချက်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တက်ရောက်

နိုဝင်ဘာ ၁၃ရက်တွင် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အမှုဆောင် အရာရှိကြီးများ၏ ဆွေးနွေးပွဲ (APEC CEO Summit) ကို Suntec Singapore International Convention and Exhibition Centre ၌ကျင်းပခဲ့ရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ခဲ့ကြသည်။

စီးပွားရေးတိုးတက်မှု

အဆိုပါဆွေးနွေးပွဲတွင်APECအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များသည် လက်ရှိစီးပွားရေးဝန်းကျင်တွင် ကြုံတွေ့နေရသည့် အရေးကြီးသည့် ကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် ဆုံးရှုံးနိုင်ခြေများ၊ ကမ္ဘာ့စီးပွားရေးပြန်လည်တည်ဆောက်ရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှုရရှိရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါ အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အမှုဆောင်အရာရှိကြီးများ၏ ဆွေးနွေးပွဲ (APEC CEO Summit)ကို နှစ်ရက်ကြာ ကျင်းပခဲ့ပြီး နိုဝင်ဘာ ၁၄ရက် ညနေပိုင်းတွင် ပြီးဆုံးခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၆ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ **(သတင်းစဉ်)**

နှစ်(၂၀) ပြည့်
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ
ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနား
၂၀၀၉ ခုနှစ် နိုဝင်ဘာလ(၂၀)ရက်
နေပြည်တော်

The Celebration of 20th Anniversary
of
Convention on the Rights of the Child
20th November, 2009
Nay Pyi Taw

Selected Myanmar Short Stories စာအုပ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၈

*မြန်မာစာရေးဆရာ၂၂ဦး၏ ဝတ္ထုတို ၂၅ပုဒ်ကို ဆရာမ မသီဂီ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော Selected Myanmar Short Stories စာအုပ်ကို UNITY စာပေက ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)***



ကျယ်ပြန့်မှုမရှိ

ရှည်လျားကြွယ်ဝလှသော စာပေသမိုင်းကြောင်းရှိပါသော်လည်း မူရင်းမြန်မာဘာသာမှ အခြားဘာသာများသို့ ဘာသာပြန်ဆိုခြင်း ကျယ်ပြန့်မှုမရှိလှသည့်အတွက် အနုပညာမြောက် မြန်မာစာပေ လက်ရာများကို အခြားတိုင်းပြည်များအနေဖြင့် သိရှိသင့်သမျှ မသိရှိကြဘဲ ဖြစ်ခဲ့ရသည်။

ယခုစာအုပ်တွင် ထင်ရှားကျော်ကြားလှသော မြန်မာစာရေးဆရာများ၏ လက်ရာမွန် ဝတ္ထုတိုများကို နာမည်ကြီး မြန်မာပန်းချီဆရာများ၏ သရုပ်ဖော်ပန်းချီများဖြင့် တွဲဖက်လျက် ဝေဝေဆာဆာ ဖတ်ရှုရမည်ဖြစ်သည်။

*UNITY စာပေ ဖုန်း-၀၉-၅၁-၁၀၉၇၇ က ထုတ်ဝေဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၄၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)***

ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းနှင့် အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၇ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ မျိုးဆက်ပွား ကျန်းမာရေး ကွင်းဆင်းအရာရှိ ဒေါက်တာဒေါ်ကျော့သာစိန်က လက်ရှိအခြေအနေသုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး လုပ်ငန်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးသည်။ အခမ်းအနားသို့ ဆေးရုံ ဆရာဝန်၊ ဆရာမများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်တွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးပညာပေးနှင့် အဆုတ်ရောဂါအကြောင်း သိကောင်းစရာ ဟောပြောပွဲကို နိုဝင်ဘာ ၁၂ရက်က ရပ်ကွက်ခန်းမရုံး၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါ်မိမိတင်က ဟောပြောစဉ်။
(၁၇၁)

သန့်ရှင်းသော သောက်သုံးရေရရှိရေး သံတောင်ကြီး၌ ဆောင်ရွက်

သံတောင်ကြီး နိုဝင်ဘာ ၁၈

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သံတောင်ကြီးမြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက်၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဂါလန် ၈၀၀ ဆံ့ ရေစစ်ကန်အသစ် တည်ဆောက်ခြင်း၊ ရေဖမ်းကန်ပြန်လည်ပြုပြင်ခြင်းကို နိုဝင်ဘာ ၁၃ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်လင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၈

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၅တွင် Political Times အထူးအချပ်ပိုအပါအဝင် တိုးတက်ခေတ်မီသော အမျိုးသားပညာရေး စနစ်သစ်ဆီသို့ ပုဂ္ဂလိကအထက်တန်းကျောင်းများ စမ်းသပ်အသိအမှတ်ပြု ထားရှိမှုကြောင့် တိုးတက်လာမည့် အနာဂတ်ပညာရေးကဏ္ဍအလားအလာအပေါ် သုံးသပ်ချက်များပါသည့် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောနေသော ပြည်တွင်းနိုင်ငံရေး ပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

သတင်းစုံလင်စွာထွက်ရှိ

ယင်းအပြင် ဆရာမောင်စူးစမ်း၏ ဝါရင့်ရှေးဟောင်းတိပ်ခွေထဲက အရေထူမှု၊ ဆရာကျော်ဝင်း၏ ပရင်စတန် နောက်ပိုးနည်းသော့ချက်ပြဿနာနှင့် တူတာတွဲလုပ်ဗျူဟာ စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော်ရထားလမ်းဖောက်ရန် လမ်းအူကြောင်းများ ရွေးချယ်ထားပြီးဖြစ်၊ နိုင်ငံအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အီးယူအလှူရှင်များက ကန်ဒေါ်လာ သန်းတစ်ရာထောက်ပံ့မည်၊ ကမ္ဘာ့အရသာအရှိဆုံး ဆန်ပြိုင်ပွဲ မြန်မာ့ပေါ်ဆန်းမွှေး တတိယရရှိ၊ ရွှေခိုးဂိုဏ်းကရောင်းချသည့်ရွှေများ ရွှေဘုံသာလမ်းတွင် သိမ်းဆည်းရမိ၊ တောင်ကုတ်မြို့နယ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွား၊ ပူလွန်းတဲ့ဆောင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လူရှင်တော်နှင့်ဟာသစွမ်းရည်အကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ သီအိုရီကို ဘယ်လိုအသုံးချမလဲ ၊ နှလုံးသားကဖြစ်ပေါ်လာတဲ့အချစ်ကို ခံစားတန်ဖိုးထားချင်တယ် သရုပ်ဆောင်နေတိုးနှင့် တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍများအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

မလေးရှားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လက်လွှတ်ဆုံးရှုံးခဲ့ပြီးနောက် ဦးနှောက်ယိုစီးမှုနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေး၊ ဩစတြေးလျတွင် ကောလိပ်လေးကျောင်း ဒေဝါလီခံ၊ လုပ်ငန်းခွင်တွင် ဟိန်းဟောက်ခြိမ်းခြောက်မှုက ဦးနှောက်တွင်သက်ရောက်မှုရှိ၊ မလေးရှားနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်၍ ရုတ်တရက်ရေလွှမ်း၊ ရွေးကောက်ပွဲ ဥပဒေ အီရတ်လွှတ်တော် အတည်ပြုလိုက်ပြီ၊ အိတ်ချ်အိုင်ဗွီဗီဇကုထုံးသစ်က ဦးနှောက်ရောဂါကိုကာကွယ်နိုင်တော့မည်၊ လူ ၁၃ယောက်ကိုသတ်ခဲ့သော ဝါရှင်တန်လက်ဖြောင့် လူသတ်သမား ဆေးထိုးကွပ်မျက်၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာ ကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာ-ဒလ-တွံတေး ကားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ယင်းနောက် မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုနှင့် မျိုးစပါးကြဲပက်နေမှုကိုလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ၌ ပဲတီစိမ်းနှင့် သီးညှပ်အဖြစ် နေကြာမျိုးစေ့ချ စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကွမ်းခြံကုန်း ရေထိန်းတံခါး၌ ရေတံခါးများအခြေအနေ၊ ရေသိုလှောင်နိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်း ချောင်းကူးတံတား၌ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာ နွေစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးပြီး လက်ခုပ်ကုန်းကျေးရွာရှိ Cyclone Shelter ဆောက်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကာ ဘိုးပိုင်ပြီးစီးမှု၊ ပိုင်ကက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ငွေချည်(၆) ချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၈နာရီက နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးအုပ်စု ရာဇသင်္ဂဟအဝိုင်းအနီး ထန်းကုန်းဒေသရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ဒေသခံတောင်သူများအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ၊ ဒေသခံ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ တာဝန်ရှိသူက ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးပြုစုနည်းများကို ဒေသခံ တောင်သူများအား အကျယ်တဝင့် ရှင်းလင်းပြသသည်။

ဝါစိုက်ကွက်

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါစိုက်ကွက်အမှတ်(၁)၊ (၂)နှင့် (၃)တို့အား ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ပေးအပ်

ယင်းနောက် လက်ခုပ်ကုန်း တိုက်နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဒလ-သခွပ်- လက်ခုပ်ကုန်း လမ်းပိုင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူးက လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားကာ ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ၌ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မျိုးစေ့ချစိုက်ပျိုး

ယင်းနောက် ဒလမြို့နယ် ညောင်ငုတ်တိုကျေးရွာ၌ ကျင်းပသည့် မိုးစပါးရိတ်သိမ်းပွဲနှင့် ဆောင်းသီးနှံထွန်ယက်စိုက်ပျိုးပွဲသို့ ရောက်ရှိကြပြီး မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ပဲတီစိမ်းနှင့် ကြားသီးနှံ နေကြာတို့ကို မျိုးစေ့ချ စိုက်ပျိုးနေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့ အမှတ်(၂)အထက်တန်းကျောင်း စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ဘိုကလေးမြို့ အထက(၂)၌ ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများက ဦးဆောင်၍ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျင်းပမည် ဖြစ်သည်။

ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ပူဇော်ကန်တော့ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသော တပည့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး အထက(၂) ဘိုကလေးမြို့ ဖုန်း-၀၄၅-၄၅၅၈၀၊ ဦးတင်ထွဋ် ဖုန်း-၀၄၅-၄၅၃၅၃၊ ဦးသံချောင်း ဖုန်း-၀၉-၈၅-၉၀၁၀၃၊ ဦးတင်အုန်း ဖုန်း-၀၉-၈၅-၉၅၂၈၉နှင့် ဦးမောင်ကြီး ဖုန်း-၀၁-၇၁၀၀၇၃၊ ၀၉-၅၁-၀၉၂၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပို၍ခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၀ဒသမ ၉၈လက်မ၊ မုဒုံမြို့တွင် ၀ဒသမ ၇၅လက်မ၊ ရေးမြို့တွင် ၀ဒသမ ၆၃လက်မ၊ မချမ်းဘောမြို့၊ ကျိုင်းတုံမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၀ဒသမ ၄၇လက်မစီ၊ ပူတာအိုမြို့၊ ကော့ကရိတ်မြို့နှင့်ကျိုက္ခမီမြို့တို့တွင် ၀ဒသမ ၄၃လက်မစီနှင့် လားရှိုးမြို့တွင် ၀ဒသမ ၃၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

နိုဝင်ဘာလ ၁၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြင့်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၉၉မှု ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၀၉ခုနှစ် အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၁၉၉မှု ဖမ်းဆီးရမိခဲ့ပြီး ဘိန်း ၄၂မှု အလေးချိန် ၆၂ဒသမ ၈၄၃၃ကီလို၊ ဘိန်းဖြူ ၄၈မှု အလေးချိန် ၂၇ဒသမ ၇၀၇၃ကီလို၊ ဘိန်းညို တစ်မှု အလေးချိန် ၂ဒသမ ၅ကီလို၊ ဘိန်းဆီ ၁၁မှု အလေးချိန် ၀ဒသမ ၈၉၈၇ကီလို၊ အဆင့်နိမ့်ဘိန်း ၁၅မှု အလေးချိန် ၃ဒသမ ၂၆၂၁ကီလို၊ ဆေးခြောက် ၁၅မှု အလေးချိန် ၁၆ဒသမ ၈၂၃၃ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၄မှု ၆၄၀၁၂၂ဒသမ ၅ပြား၊ ဘိန်းစာမှုန့် ခြောက်မှု အလေးချိန် ၀ဒသမ ၈၁၆ကီလို၊ စိတ်ကြွဆေးမှုန့် အလေးချိန် ၀ဒသမ ၀၀၈၁၆ကီလို၊ အိုက်(စ်) တစ်မှု အလေးချိန် ၀ဒသမ ၀၂၁ကီလို၊ ဓာတုဆေးရည် လေးမှု အလေးချိန် ၈၃၇၁ လစ်တာ၊ ဓာတုဆေးမှုန့် နှစ်မှု အလေးချိန် ၁၄၆ကီလို၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ခြောက်ကီလို၊ ဒိုင်ယာဇီပင် ထိုးဆေး တစ်မှု အလုံး ၄၁၀၊ ဒိုင်ယာဇီပင်ဆေးပြား ၇၀၀၊ ထရာမဒေါလ်ဆေးတောင့် တစ်မှု ဆေးတောင့် ၇၀၀၀၊ မှတ်ပုံတင်ပျက် သုံးမှု၊ အခြားအမှု လေးမှု ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၁၉၉မှု ဖမ်းဆီးရမိခဲ့ရာတွင် တရားခံ ကျား ၂၃၁ဦး၊ မ ၄၃ဦး စုစုပေါင်း တရားခံ ၂၇၄ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြို့ပင်ကောက် ... ပေါင်းစ...

သတင်းမှတ်စု-လှဝင်း(ကြို့ပင်ကောက်)

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြ... အထည်ဖော်လျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်း ...

နိုင်ငံတော်အကြီးအကဲက "တိုင်းပြည် ... လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်က... စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာ... ဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်... တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွ... တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း" လမ်းညွှ...

အဆင့်မြှင့်တိုးချဲ့...

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှ... လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေ... ရှိပြီး နယ်မြေဒေသအလိုက် လိုအပ်ချက်များန... ခြင်း၊ လမ်းများ အဆင့်မြှင့်တိုးချဲ့တည်ဆောက်... အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်... ကောက်မြို့နယ် ငါးကြီးချောင်းပေါ်တွင် တည်... ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့... ၂၀ရက်က စတင်ပြင်ဆင် တည်ဆောက်ခဲ့ရာ ၂... ဆောင်ရွက်ပြီးစီးခဲ့သည်။

"ပေပင်ခုံတံတားသည် ကြို့ပင်ကောက်... ခြမ်း လမ်းပန်းဆက်သွယ်မှု၏ အဓိကတံတာ... ပြင်ဆင်တည်ဆောက်ပေးသည့်အတွက် ဒေသ... သွားလာမှု လွယ်ကူလာပြီး တိုင်းရင်းသားအချ... ပိုမိုများပြားလာမည်ဖြစ်သည့်အပြင် ကုန်စည်စီး... များသည်လည်း တိုးတက်ဖွံ့ဖြိုးစေမည်ဖြစ်ကြေ... တစ်ဦးဖြစ်သူ ဦးတင်ဦးက စာရေးသူအား ဝမ်းမြေ...

First Myanmar Investmen... နှစ်ပတ်လည်အထွေထွေအစ...

ရန်ကုန် နိုဝင်ဘာ ၁၈

First Myanmar Investment Co.,Ltd.(FMI) ၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ FMI Co.,Ltd. ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းမောင် (အငြိမ်းစား)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့... Manag... နှုတ်ခွန်း... FMI C... ဆောင်ရွ... ကို ရှင်း...

ဆက... များနှင့်... မေးမြန်း... များက ...

ယင်... တာဝန်ရှိ...

(F... နှစ်ပတ်... အစေးတွ... Manag... နှုတ်ခွန်း...

ကြို့ပင်ကောက် အရှေ့ခြမ်းနှင့် အနောက်ခြမ်း ပေါင်းစည်းပေးသည့် ပေပင်ခုံတံတား

သတင်းမှတ်စု-လှဝင်း(ကြို့ပင်ကောက်)၊ ဓာတ်ပုံမှတ်တမ်း-အေးရွှေ(သတင်းထောက်)၊ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းအောင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်း ဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက **"တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာ မှသာလျှင် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း/တံတားများကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း"**လမ်းညွှန်မိန့်ကြားထားသည်။

အဆင့်မြှင့်တိုးချဲ့

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နယ်မြေဒေသအလိုက် လိုအပ်ချက်များနှင့်လမ်းသစ်များ ဖောက်လုပ်ခြင်း၊ လမ်းများ အဆင့်မြှင့်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်များအနက် ကြို့ပင်ကောက်မြို့နယ် ငါးကျီးချောင်းပေါ်တွင် တည်ရှိသော ပေပင်ခုံတံတားကို ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်က စတင်ပြင်ဆင် တည်ဆောက်ခဲ့ရာ ၂၀၀၉ခုနှစ် မတ် ၁၅ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

"ပေပင်ခုံတံတားသည် ကြို့ပင်ကောက်မြို့ အရှေ့ခြမ်းနှင့် အနောက်ခြမ်း လမ်းပန်းဆက်သွယ်မှု၏ အဓိကတံတားဖြစ်ခြင်းကြောင့် ပြန်လည်ပြင်ဆင်တည်ဆောက်ပေးသည့်အတွက် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု လွယ်ကူလာပြီး တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ပိုမိုများပြားလာမည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းရောင်းဝယ်ဖောက်ကားမှုများသည်လည်း တိုးတက်ဖွံ့ဖြိုးစေမည်ဖြစ်ကြောင်း"ကို ဒေသခံ ပြည်သူတစ်ဦးဖြစ်သူ ဦးတင်ဦးက စာရေးသူအား ဝမ်းမြောက်စွာဖြင့် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ တံတားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်း၏ ဦးဆောင်မှု၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မြင့်နှင့် ဒေသခံပြည်သူများ စုစည်းပူးပေါင်း၍ဆောင်ရွက်ခဲ့ကြောင်း၊ အရှည် ၇၂ပေ၊ အကျယ်၁၆ပေနှင့် အမြင့်ပေ ၂၀ရှိကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက် (ငွေလုံး)အသုံးစရိတ်မှ ငွေကျပ် ၄၅သိန်းနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၅သိန်း စုစုပေါင်းကျပ် သိန်း၆၀ ကျခံဆောင်ရွက်ခဲ့သော တံတားဖြစ်ကြောင်းကို လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်က ရှင်းလင်းပြောကြားသည်။

သွားလာရေးလွယ်ကူ

ပေပင်ခုံတံတားကိုတည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် ကြို့ပင်ကောက်မြို့နယ် အနောက်ဘက်ခြမ်းရှိ ကျောက်ဝအုပ်စု၊ မင်းအိုအုပ်စု၊ စေတီကုန်းအုပ်စု၊ ချောင်းနားအုပ်စု၊ ဘုရားကြီးကုန်းအုပ်စုနှင့် သရက်ကုန်းအုပ်စုအပြင် မိုးညိုမြို့နယ်၊ ဇရာဝတီတစ်ဖက်ကမ်း မြန်အောင်မြို့နယ်ရှိ ဒေသခံ တိုင်းရင်းသားများ ဒေသတစ်ခုနှင့်တစ်ခုအကြား သွားလာရေးလွယ်ကူ၍ တိုင်းရင်းသားညီအစ်ကိုများအကြား အထိအတွေ့ အဆက်အသွယ်များပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးပွားလာကာ တိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် ပေပင်ခုံတံတား အသစ်တည်ဆောက်ပြီးစီးမှု မြင်ကွင်း….။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၁-၂၀၀၉ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ အကပဒေသာ
၈း၂၀ ၇။ မြန်မာပြည်တစ်ဝန်းတွင် လွှင့်ပျံနေမည့် မြန်မာ့ရုပ်သံနှင့် ဆက်စပ်လိုင်း
၈း၂၅ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ **ချစ်လွန်းလို့**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၅ ၃။ တေးဂီတအစီအစဉ်
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၀ ၇။ **တက္ကစီမီတာသင်လိုရာ**
၅း၂၀ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅း၃၅ ၉။ ဂီတသံစဉ်အလှဆင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ပျော်ရွှင်စေသော နေ့ရက်များ **ဘောလုံးကန်နည်း** (အပိုင်း၄) (ဇာတ်သိမ်းပိုင်း) သူရလင်း၊ ယမင်းမြင့်သိန်း (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၁၃)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၅)
၂၁။ အစီအစဉ်ပြီး၏

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ကျောင်းတိုက်ကြီး ဦးစီးပဓာန နာယက ဘဒ္ဒန္တဝိလာသ၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း - ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာအုပ်စု၊ ကောင်းတုံရပ် ဦးပေါ်မွန်၊ ဒေါ်အီကျန်တို့မှ ၁၂၈၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း - ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ်တွင် ကောင်းတုံကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၉ခုနှစ်တွင် နမ့်ဆန်မြို့ ဆဌမမြောက်ဂိုဏ်းချုပ်ဆရာတော် ဦးဇနိယအား ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း - ဆရာတော်လောင်းလျာသည် နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ဆရာတော်၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ညောင်ရမ်း ဆရာတော်၊ မာရ်အောင်ကျောင်းတိုက် ဆရာတော်၊ တောင်ပြင်မင်းထင်တိုက်ဆရာတော်၊ မြင်းဝန်တိုက် အလယ်တိုက်ကြီး ဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာများကို ကျမ်းကြီးပေါက်သင်ယူတတ်မြောက်ခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း - ဆရာတော်သည် မြို့မဂိုဏ်းချုပ်ကျောင်းတိုက်တွင် စာပေပို့ချတော်မူရင်း ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ် ဝိနည်းဓိုရ် ဆရာတော်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် သက်တမ်းမှ ယနေ့တိုင်အောင် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့၍ ၁၃၇၀ပြည့်နှစ် နတ်တော်လပြည့်နေ့တွင် နမ့်ဆန်မြို့နယ် နဝမမြောက် ဂိုဏ်းချုပ်ဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း - ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါအရ (၁၃၇၁ ခုနှစ် နတ်တော်လဆန်း ၁ ရက်)၊ ၁၇-၁၁-၂၀၀၉ရက် (အင်္ဂါနေ့) နံနက် ၅နာရီ ၃၀မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား စစ်ကိုင်းမြို့နယ်တွင် ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၁၈

(၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွှန့်မြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌက ဖတ်ကြားသည်။

(အောက်ဝဲပုံ)

ဆုချီးမြှင့်

ယင်းနောက် အမျိုးသားနေ့ အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

(၂၁)ကြိမ်မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ရက် (စနေနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့ရှိ တပ်မတော် ဂေါက်ကွင်း၌ကျင်းပမည် ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲဝင် မသန်စွမ်းဂေါက်ကစားသမားများသည် ဗိုလ်မှူးသိန်းဆွေမြင့်(ငြိမ်း) ဖုန်း-၀၁-၅၄၂၉၄၁၊ ဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၀၉-၅၂-၀၀၁၀၆နှင့် မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး ဖုန်း ၀၁-၃၈၂၄၅၅တို့သို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်နှင့် ကျင်းပမည့်ရက်တွင် တပ်မတော်ဂေါက်ကွင်းသို့ နံနက် ၅နာရီ၌ ဖွင့်ပွဲအမီ လာရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

First Myanmar Investment Co.,Ltd. ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

First Myanmar Investment Co.,Ltd.(FMI) ၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ FMI Co.,Ltd. ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းမောင် (အငြိမ်းစား)က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် FMI Co.,Ltd. ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး FMI Co., Ltd. ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစုရှယ်ယာရှင်များနှင့် ဧည့်သည်များက အကြံပြုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြသည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် FMI Co.,Ltd. မှ တာဝန်ရှိသူများက FMI Co.,Ltd.၏ ၂၀၀၈-၂၀၀၉ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့်နှစ်ပတ်လည်အစီရင်ခံစာတို့ကို တင်ပြခြင်း၊ FMI Co., Ltd. ၏ ၂၀၀၉-၂၀၁၀ခုနှစ် အမှုဆောင်ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ခြင်းနှင့် စာရင်းစစ်ခန့်အပ်ခြင်းများကို ဆောင်ရွက်ကြပြီး ဆုံးဖြတ် အတည်ပြုကြသည်။

ထို့နောက် သဘာပတိက ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရင်းနှီးမြှုပ်နှံ

First Myanmar Investment Co., Ltd. (FMI) သည် ရန်ကုန်မြို့တွင် အခြေပြုသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး စီးပွားရေးအဖွဲ့အစည်းများသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်သည်။ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများကို ဘဏ္ဍာရေးဝန်ဆောင်မှုဘဏ်လုပ်ငန်းဆိုင်ရာကဏ္ဍ၊ မော်တော်ယာဉ်လုပ်ငန်းကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလုပ်ငန်း ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ဖြန့်ကြက်ရင်းနှီးမြှုပ်နှံထားပြီး FMI ကုမ္ပဏီ ရှယ်ယာများကို ရန်ကုန်မြို့ရှိ FMI Trading Centre တွင် အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။

(သတင်းစဉ်)

(FMI) ၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် FMI Co.,Ltd. ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

*** ရှေ့ဖုံးမှ**

မိုးနည်းသောနှစ်များတွင် စပါးမစိုက်ပျိုးနိုင်ဘဲ ဒေသရာသီဥတုနှင့် ကိုက်ညီသော မြေပဲ၊ ပဲအမျိုးမျိုး၊ ဝါ စသည့် သီးနှံများသာ စိုက်ပျိုးနိုင်သဖြင့် လယ်သမားက ဆန်ပြန်ဝယ်စားရသည့်အဖြစ် ကြုံတွေ့ခဲ့ကြရသည်။

သောက်သုံးရေ

တပ်မတော်အစိုးရ လက်ထက်တွင် မိုးနည်းရပ်ဝန်း အညာဒေသ၌ စိုက်ပျိုးရေအတွက်သာမက သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက်ပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဖြည့်ဆည်းပေးခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ သဘာဝ ရေလှျံတွင်းများ၊ စက်ရေတွင်းများ တူးဖော်၍ စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ပေးသလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် အလှူရှင်များကလည်း သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ ယခင်ကကဲ့သို့ သဘာဝမိုးရေကို မျှော်နေစရာမလိုဘဲ တစ်နှစ်ပတ်လုံး ဒေသနှင့်ကိုက်ညီသည့် သီးနှံများ စိုက်ပျိုးနိုင်ခဲ့ပေပြီ။

ချောက်မြို့နယ်သို့ ရောက်ရှိခဲ့သော မြန်မာ့အလင်းသတင်းအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မြစ်ရေတင်စီမံကိန်း

ရှေးဦးစွာ ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟအား ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ မြို့နယ်ဥက္ကဋ္ဌက ''ဒီဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းကို ၂၀၁၀ခုနှစ်မှာ ချောက်မြို့နယ် စလေဒေသမှာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးခဲ့တာပါ။ စီမံကိန်းစတင်တုန်းက ဧက ၃၀၀ ရေပေးဝေနိုင်ရေး ရည်ရွယ်ဆောင်ရွက်တာပါ။

''ဒီဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းကို ၂၀၁၀ခုနှစ်မှာ ချောက်မြို့နယ် စလေဒေသမှာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့တာပါ''

ဦးသီဟ (ဥက္ကဋ္ဌ)
ချောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

နောက်ပိုင်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ (၁/၂၀၀၀) ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဧက ၇၈၀၀ အထိ တိုးချဲ့စိုက်ပျိုးရေ ပေးဝေရေး ဆောင်ရွက်နိုင်ခဲ့တဲ့ မြစ်ရေတင်စီမံကိန်း ဖြစ်ပါတယ်''ဟု ရှင်းပြသည်။

ရေပေးဝေမှု

ဆက်လက်၍ ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်း တာဝန်ခံ ဦးစီးအရာရှိ ဦးကျော်မြင့်စိန်အား ရေပေးဝေမှု အဆင့်ဆင့် ဆောင်ရွက်မှုကို မေးမြန်းရာ ''ချောက်မြို့နယ် စလေဒေသဟာ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်မှာ တည်ရှိပါတယ်။ မကုန်ခန်းနိုင်တဲ့ သဘာဝ အရင်းအမြစ်ကြွယ်ဝတဲ့ ဧရာဝတီမြစ်မှ ရေများကို မော်တာကြီးများဖြင့် စုပ်တင်ပြီး စလေဒေသကို စိုက်ပျိုးရေ ပေးဝေတာ ဖြစ်ပါတယ်။ ရေတင်ရတဲ့ အကွာအဝေးက ပေ ၈၆၀ဖြစ်ပြီး အမြင့် ၁၀၅ပေ ဖြစ်ပါတယ်။ ဒီဧရာဝတီမြစ်ရေကို အမြင့် ၁၀၅ပေရောက်အောင် အဆင့် ခြောက်ဆင့်ဖြင့် ရေတင်ရတာဖြစ်ပါတယ်။ ပထမ အဆင့်မှာ ကျူဆက် ၃၀× ကီလိုဝပ် ၆၃၀ သုံးလုံးနဲ့ ပေ ၁၁၀အမြင့်ကို မောင်းတင်ပြီး စိုက်ပျိုးဧက ၂၉၅၀ကို စိုက်ပျိုးရေ ပေးဝေတာပါ။ ဒုတိယအဆင့်မှာ ကျူဆက် ၂၀× ကီလိုဝပ် ၁၈၀ လေးလုံးနဲ့ အမြင့် ၅၄ပေသို့ မောင်းတင်ပြီး ၁၈၃၂ ဧကကို စိုက်ပျိုးရေ ပေးဝေပါတယ်။ တတိယအဆင့်မှာ ကျူဆက် ၂၀× ကီလိုဝပ် ၁၈၀ နှစ်လုံး၊ ကိုးကျူဆက်×၅၅ ကီလိုဝပ် တစ်လုံးတို့နဲ့ ၃၆ပေအမြင့်ကို မောင်းတင်ပြီး ၆၁၆ဧကကို စိုက်ပျိုးရေ ပေးဝေပါတယ်။ စတုတ္ထအဆင့်မှာ ကိုးကျူဆက် × ၅၅ ကီလိုဝပ်လေးလုံးနဲ့ ၃၅ပေ အမြင့်ကို မောင်းတင်ပြီး ၁၀၂၈ဧကကို စိုက်ပျိုးရေ ပေးဝေပါတယ်'' ဟု ရှင်းပြသည်။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆက်လက်မေးမြန်းကြည့်ရာ ''ဒီမြစ်ရေတင် စီမံကိန်းကနေ စိုက်ပျိုးရေ ပေးဝေတဲ့ ဧက ၇၈၀၀ ကတော့ စပါးဧက ၁၅၀၀နဲ့ အခြားသီးနှံဧက ၆၃၀၀ ဖြစ်ပါတယ်။ စပြီး ရေပေးတဲ့ ၂၀၀၂-၂၀၀၃ခုနှစ်မှာ မိုးစပါး ဧက ၃၀၀ စိုက်ပျိုးဖို့ လျာထားပေမယ့် ၁၃၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၀၃-၂၀၀၄ခုနှစ်ကစပြီး နှစ်စဉ် မိုးစပါး ဧက ၁၅၀၀ လျာထားစိုက်ပျိုးခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် စိုက်ဧက ပိုမိုတိုးတက်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ ၁၂၁၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ်မှာ မကွေးတိုင်းတစ်ခုလုံး မိုးစပါးစိုက်ဧက ၁၀သိန်း စိုက်ပျိုးဖို့ စီမံကိန်းချမှတ်ရာမှာ စလေဒေသမှာလည်း မူလဧက ၁၅၀၀ လျာထားရာမှ ဧက၃၅၀၀အထိ တိုးတက် လျာထားခဲ့ပါတယ်။ အဲဒီနှစ်မှာပင် ၂၅၀၂ ဧကအထိ တိုးတက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈မှာ ဧက ၂၅၂၀ စိုက်ပျိုးနိုင်ပြီး ၂၀၀၉-၂၀၁၀ခုနှစ်မှာ ဧက၃၅၀၀ ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ချည်မျှင်ရှည်ဝါစိုက်ပျိုး

နွေစပါးအနေနဲ့လည်း လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးရော နွေစပါးပါ အထွက်တိုး ဆင်းနွယ်ရင်စပါးမျိုးသာ စိုက်ပျိုးကြပါတယ်။ နွေစပါး၊ မိုးစပါးအပြင် ဒေသရာသီဥတုနှင့် ကိုက်ညီမယ့် ပဲအမျိုးမျိုး၊ နှမ်းနှင့် ချည်မျှင်ရှည်ဝါများလည်း စိုက်ပျိုးကြပါတယ်''ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ ''ဒီမြစ်ရေတင်စီမံကိန်းကို အရာရှိတစ်ဦး၊ ဝန်ထမ်းနှစ်ဦး၊ နေ့စား ၁၄ဦးတို့နဲ့ လုပ်ငန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စလေ၊ ဓာတ်မြေ၊ ရသစ်၊ ညီးစုနဲ့ ချောင်းတက် ကျေးရွာအုပ်စုများမှ ကျေးရွာ ၁၀ရွာကို စိုက်ပျိုးရေ ပေးဝေနေတာဖြစ်ပါတယ်။

''မကုန်ခန်းနိုင်တဲ့ သဘာဝအရင်းအမြစ်ကြွယ်ဝတဲ့ ဧရာဝတီမြစ်ကရေများကို မော်တာကြီးများဖြင့် စုပ်တင်ပြီး စလေဒေသကို စိုက်ပျိုးရေ ပေးဝေပေးတာဖြစ်ပါတယ်''

ဦးကျော်မြင့်စိန်
ဦးစီးအရာရှိ
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန။

ဒီဒေသဟာ မူလက ယာမြေများဖြစ်ပြီး ဒီမြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေရတဲ့အတွက် ယာမြေတွေကနေ လယ်မြေအဖြစ် ပြောင်းလဲပြီး နွေစပါး၊ မိုးစပါး အပါအဝင် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ကြလို့ လယ်သမားများ စားဝတ်နေရေး ချောင်လည်လာကြပါတယ်''ဟု ဝမ်းသာအားရ ရှင်းပြသည်။

စိုက်ပျိုးပြီးစီး

သတင်းအဖွဲ့ ချောက်မြို့နယ် ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိချိန်တွင် မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရန်လျာထားသော မိုးစပါးစိုက်ဧက ၃၅၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ စပါးခင်းစိမ်းစိမ်းစိုစိုများကို ပင်မမြောင်းကြီး တစ်လျှောက်မှ ဆင်းလိုက်သည်နှင့် တစ်မျှော်တစ်ခေါ် ရှုမျှော်မဆုံး တွေ့မြင်နေရသည်။ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ကလည်း စိုက်ပျိုးရေး အခြေအနေများကို ရှင်းပြသည်မှာ မမောနိုင် မပန်းနိုင်။ မြို့နယ်ဥက္ကဋ္ဌက ရှင်းပြ၍သိရသည်မှာ ကျေးရွာများသို့ မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေသာမက သုံးရန်အတွက်ပါ ရေအလုံအလောက် ဖြန့်ဝေပေးသဖြင့် လယ်သမားကြီးများ သီးနှံစိုက်ပျိုးရေးသာမက အရိပ်ရပင်များ၊ ပန်းအလှပင်များပါ စိုက်ပျိုးနိုင်ကြပြီဖြစ်ရာ ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းသည် စိုက်ပျိုးရေအတွက်သာမက ဒေသတွင်း စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အကျယ် ခြောက်ပေ၊ အနက် ခြောက်ပေ၊ အလျားပေ ၂၆၉၅၀ရှိ ပင်မမြောင်းကြီးမှတစ်ဆင့် ဧရာဝတီမြစ်ရေများကို ဤသို့ထုတ်လွှတ်ပေးသည်။ (မြန်မာ့အလင်း)

ချောက်မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခိုင်မင်းတို့ ဥမင်ကိုးပေါက်မြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူးကြောင့် အောင်မြင်ဖြစ်ထွန်းနေသော ဆင်းနွယ်ရင်အထွက်တိုး မိုးစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုကြစဉ်။ (မြန်မာ့အလင်း)

ကျေးရွာများသို့ မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေသာမက သုံးရန်အတွက်ပါ ရေအလုံအလောက် ဖြန့်ဝေပေးသဖြင့် လယ်သမားကြီးများ သီးနှံစိုက်ပျိုးရေးသာမက အရိပ်ရပင်များ၊ ပန်းအလှပင်များပါ စိုက်ပျိုးနိုင်ကြပြီဖြစ်ရာ ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းသည် စိုက်ပျိုးရေအတွက်သာမက ဒေသတွင်း စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြု။

ဥမင်ကိုးပေါက်မြစ်ရေတင်စီမံကိန်း ပင်မမြောင်းမကြီးမှရေကို အကျယ် ငါးပေ၊ အနက် လေးပေ၊ အရှည်ပေ ၆၈၉၀၀ရှိ လက်တံမြောင်းများမှတစ်ဆင့် လယ်မြေများဆီသို့ ဤသို့ ထုတ်လွှတ်ပေးသည်။ (မြန်မာ့အလင်း)

ချောက်မြို့နယ်တွင် ဥမင်ကိုးပေါက်မြစ်ရေတင် စီမံကိန်းဖြင့် မိုးစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ကာ စိမ်းလန်းစိုပြည်လျက်ရှိသည့် လယ်ကွင်းပြင်ကို ရေမြောင်းနှင့်အတူ ဤသို့ ယှဉ်တွဲတွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

ရေဆင်းနှင့်ပွဲ၌ စီရိုနယ်ဒို ပါဝင်ကစားနိုင်မည်

စီရိုနယ်ဒိုသည် ခြေထောက်ဒဏ်ရာသက်သာလာသဖြင့် ရီးရဲမက်ဒရစ်တွင် လေ့ကျင့်မှုများပြုလုပ်နေပြီး လာမည့် လာလီဂါပွဲအဖြစ် ရေဆင်းနှင့်ကစားရမည့်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်ကလပ်က နိုဝင်ဘာ ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ဖြင့် အာဆင်နယ်မှ ဖာဘရီဂတ်စ်အား ရီးရဲကမ်းလှမ်း

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး ပေါင်သန်း၆၀ပေးမည်ဖြစ်ကြောင်း၊ ထို့အတူ ဘာစီလိုနာကလည်း ယင်းငွေကြေးပမာဏအတိုင်း ပေးမည်ဖြစ်ကြောင်း အပြိုင်ဈေးပေးကမ်းလှမ်းနေသည်ဟု အာဆင်နယ်ကလပ်က နိုဝင်ဘာ ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

မန်ယူဂိုးသမား ဘင်ဖော်စတာအား စပါးကမ်းလှမ်း

မန်ယူနှင့် အင်္ဂလန်ဂိုးသမား ဘင်ဖော်စတာ အသင်းပြောင်းရွှေ့ရန် သတင်းထွက်ပေါ်နေသဖြင့် စပါးအသင်းက ပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းပေးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ရက်၌ ကမ်းလှမ်းလိုက်သည်။

မာရှေယာနိုအားရောင်းချရန် လီဗာပူးစဉ်းစားနေ

ကွင်းလယ်ကစားသမား မာရှေယာနိုအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ပေးမည့် ဘာစီလိုနာ၏ ကမ်းလှမ်းချက်ကို လီဗာပူးအသင်းက စဉ်းစားလျက်ရှိကြောင်း ဘင်နီတက်ဇ်က နိုဝင်ဘာ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

မန်ယူမှနာနီအား ဖီအိုရင်တီးနားသို့အငှားချထားမည်

မန်ယူတောင်ပံကစားသမား နာနီအား အီတလီကလပ် ဖီအိုရင်တီးနားသို့ အငှားချထားရန် မန်ယူက စီစဉ်နေကြောင်း နိုဝင်ဘာ ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

လာမည့်အပြောင်းအရွှေ့ကာလတွင် နစ္စတယ်ရွိုင်း ရီးရဲမက်ဒရစ်မှ ထွက်ခွာသွားမည်မဟုတ်ဟုဆို

လာမည့် ဘောလုံးသမား အပြောင်းအရွှေ့ကာလတွင် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများကို တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ငြင်းဆိုလိုက်ပြီး မိမိသည် ကွင်းခိုင်မှုအပြည့်အဝရှိနေပြီဖြစ်၍ ရီးရဲမက်ဒရစ်၌သာ ဆက်လက်ကစားမည်ဟု ၎င်းက နိုဝင်ဘာ ၁၈ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ရီးရဲမက်ဒရစ်နောက်ခံလူ ရာမို့စ်အား ချယ်လ်ဆီးအသင်း ခေါ်ယူလို

ရီးရဲမက်ဒရစ်နောက်ခံလူ ရာမို့စ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ပေး၍ ခေါ်ယူလိုကြောင်း ချယ်လ်ဆီးကလပ်က နိုဝင်ဘာ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

၂၀၀၉ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆုနှင့် မက်ဆီ

★ မောင်မောင်မြင့်ဆွေ ရေးသား၍ ဇင်မင်းသန့် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ★

ပါရီ နိုဝင်ဘာ ၁၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ရဲ့ ၂၀၀၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဘာစီလိုနာတိုက်စစ်မှူး မက်ဆီရရှိမယ်လို့ ပြင်သစ်မဂ္ဂဇင်းအွန်ဇီမွန်ဒီရက်က နိုဝင်ဘာ ၁၈ရက်၌ ဖော်ပြလိုက်တာမို့ မက်ဆီဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရရှိဖို့ နီးစပ်သွားပြီဖြစ်ပါတယ်။



ရွေးချယ်ပေးခဲ့

အဲဒီမဂ္ဂဇင်းရဲ့ကလောင်ရှင်တွေဟာ မက်ဆီကို ၂၀၀၉ခုနှစ် အကောင်းဆုံး ဆုကို ရွေးချယ်ပေးခဲ့တာမို့ ဒီဆု ရရှိတဲ့သူတွေက ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့တဲ့သူတွေ များပါတယ်။ အရင်က ပလာတီနီ၊ မာရာဒိုနာ၊ ဇီဒန်းနဲ့ ရော်နယ်ဒိုတို့က ဒီမဂ္ဂဇင်းရဲ့ အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့တဲ့ လူတွေဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်တွေထဲက ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် နောက်ဆုံး ဆန်ခါတင်ဘောလုံးသမားစာရင်းထဲဝင်ခဲ့ပေမယ့် လွဲချော်ခဲ့ရတဲ့ မက်ဆီဟာ ဒီနှစ်မှာတော့ သေချာပေါက်ရရှိမယ်လို့ ၂၀၀၇ခုနှစ်ရဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရှင် ကာကာက ပြောကြားလိုက်သည်။

ဒုတိယ

မက်ဆီဟာ ၂၀၀၇ခုနှစ်က ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်တဲ့အခါ ဒုတိယနေရာသာ ချိတ်နိုင်ခဲ့ပြီး ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်တဲ့အခါမှာလည်း ဒုတိယနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ်ဖလားရအောင် စွမ်းဆောင်ပေးထားတဲ့ မက်ဆီသာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရရှိမှာဖြစ်တယ်လို့ ၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရှင် စီရိုနယ်ဒိုကလည်း နိုဝင်ဘာ ၁၈ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ရှုံ

မိခင် အာဂျင်တီးနားနိုင်ငံမှာတော့ ၂၀၀၉ခုနှစ် အကောင်းဆုံးဘောလုံးသမားဆုကို မက်ဆီဆွတ်ခူးရရှိခဲ့ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က တရားဝင် ထုတ်ပြန်ကြေညာခဲ့တာမို့ ၂၀၀၉ ခုနှစ်ဟာ မက်ဆီအတွက် ဆုတံဆိပ်တွေအများကြီးရမယ့်နှစ် ဖြစ်နေပါတယ်။

သတင်းထုတ်ပြန်

၂၀၀၉ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုလည်းဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ (၁၉)ကြိမ်မြောက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်ပွဲလည်းဖြစ်တဲ့ ဒီဆုကိုတော့ လာမယ့် ဒီဇင်ဘာ ၂၁ရက်မှာ အပြီးသတ် ဘောလုံးသမားငါးဦးကို ရွေးချယ်ထုတ်ပြန်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလကတော့ ပထမ ဘောလုံးသမား ၂၃ဦးရဲ့ စာရင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ထိုက်တန်

မက်ဆီဟာ ဖီဖာရဲ့ ၂၀၀၉ခုနှစ် အကောင်းဆုံး ဘောလုံးဆုရရှိဖို့ ထိုက်တန်နေသူ ကစားသမားတစ်ဦးဖြစ်တယ်လို့ ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပလာတီနီကလည်း ထောက်ခံပြောကြားနေပါတယ်။ မက်ဆီကိုယ်တိုင်ကတော့ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိပေမယ့် ဥရောပဘောလုံးပရိသတ်တွေကို “သည်ဆန်း” အားကစားမဂ္ဂဇင်းက အကြိုဆန်းစစ်ချက်ကောက်ယူကြည့်တဲ့အခါ ၇၅ရာခိုင်နှုန်းလောက်က မက်ဆီကို ရရှိစေချင်တာ တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် လာမယ့်ဒီဇင်ဘာလမှာတော့ အသေအချာ သိရတော့မှာဖြစ်တဲ့အတွက် မက်ဆီအနေနဲ့ လက်တွေ့မှာ ရနိုင်မရနိုင်ဆိုတာ စောင့်ကြည့်ရတော့မှာဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ဒေးဗစ်ဖလားဗိုလ်လုပွဲ ရာဖေးလ်နာဒယ် ပါဝင်ယှဉ်ပြိုင်မည်

မက်ဒရစ် နိုဝင်ဘာ ၁၈

ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဒေးဗစ်ဖလားဗိုလ်လုပွဲတွင် စပိန်အသင်းအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။

ပါဝင်ကစားကြမည်

အသက် ၂၃နှစ်ရှိ ရာဖေးလ်နာဒယ်သည် ဆားဘီးယားအသင်းအား ပထမအကျော့ အနိုင်ရရှိပြီးနောက် လက်ရှိချန်ပီယံ စပိန်အသင်းအတွက် ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိချေ။ အဆိုပါဗိုလ်လုပွဲတွင် စပိန်အသင်းမှ ကမ္ဘာ့နံပါတ်ရှစ် ဗာဒက်စကို၊ ဒေးဗစ်ဖာရာ၊ လိုပက်ဇ်တို့လည်း ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

အဆိုပါ ဒေးဗစ်ဖလားဗိုလ်လုပွဲကို ဒီဇင်ဘာ၄ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ချက်အသင်းအား သောမတ်စ်ဘတ်လိုက်နှင့် စတီပါနက်တို့ ဦးဆောင်ကစားကြမည်ဖြစ်သည်။ (အင်တာနက်)



တိုက်စစ်မှူး တောရက်စ်အားရောင်းထုတ်ခဲ့လျှင် အသင်းမှနုတ်ထွက်မည်ဟု ဘင်နီတက်ဇ်ပြောကြား

လန်ဒန် နိုဝင်ဘာ ၁၈

လီဗာပူးအသင်းပိုင်ရှင်များအနေဖြင့် တိုက်စစ်မှူးတောရက်စ်အား ရောင်းထုတ်ခဲ့လျှင် မိမိသည်လည်း အသင်းမှနုတ်ထွက်မည်ဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။ လီဗာပူးအသင်းပိုင်ရှင် ဂျော့ဂျီးလက်နှင့်တွန်ဟစ်တို့သည် အသင်း၏ ငွေကြေးအခက်အခဲကိုဖြေရှင်းနိုင်ရန် တိုက်စစ်မှူးတောရက်စ်အား ရောင်းထုတ်သင့်ကြောင်း ပြောကြားခဲ့ခြင်းအပေါ် ဘင်နီတက်ဇ်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ကြိုးစားရလိမ့်မည်

အသက် ၂၅နှစ်ရှိ တိုက်စစ်မှူးတောရက်စ်အား ငွေကြေးမည်မျှပုံပေးသည်ဖြစ်စေ ရောင်းချလိမ့်မည်မဟုတ်ကြောင်း ဘင်နီတက်ဇ်က တိုင်း(မ်)သတင်းစာသို့ ပြောကြားသည်။ ထို့အပြင် ဘင်နီတက်ဇ်က ရီးရဲမက်ဒရစ်သို့ ရောင်းထုတ်လိုက်သော အလွန်ဆိုနေရာတွင် အစားထိုးရန် ရိုးမားကွင်းလယ်ကစားသမား အဂွီလာနီကိုလည်း အမြန်ဆုံးခေါ်ယူ စာချုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ငါးပွဲရှုံးထား၍ အမှတ်ပေးဇယား နံပါတ် ၇ နေရာ၌ ရှိနေသည်။ ယင်းအတွက်ကြောင့် ဖလားရနိုင်သည့် အခွင့်အလမ်းမရှိတော့ကြောင်း အများကယူဆထားကြသည်။ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ရရှိအောင်ပင် မနည်းကြိုးစားရလိမ့်မည်ဟူ၍လည်း ဆိုကြသည်။

(အင်တာနက်)

စတုတ်တိုက်စစ်မှူး ကစ်ဆင် မစ်ဒယ်ဘရော့သို့ အငှားချထား

လန်ဒန် နိုဝင်ဘာ ၁၈

စတုတ်စီးတီးတိုက်စစ်မှူးကစ်ဆင်အား မစ်ဒယ်ဘရော့က နှစ်လအငှားစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အသက် ၂၉နှစ်ရှိ တိုက်စစ်မှူးကစ်ဆင်သည် ရက်ဒင်းမှ ပေါင်ငါးသန်း ဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ်ပွဲပေါင်း ၂၅ ပွဲပါဝင် ကစားခဲ့ရာတွင် နှစ်ဂိုးသာ သွင်းပေးနိုင်ခဲ့သည်။ (အင်တာနက်)



နောက်တန်းကစားသမား ဆမ်ဘား ဘလက်ဘန်းနှင့် စာချုပ်သစ်ချုပ်ဆို

လန်ဒန် နိုဝင်ဘာ ၁၈

ဘလက်ဘန်းနောက်တန်းကစားသမား ဆမ်ဘားအား ၎င်းကလပ်က စာချုပ်သစ်ချုပ်ဆိုလိုက်ပြီဖြစ်၍ ၂၀၁၄ခုနှစ် နွေရာသီတိုင်အောင် ဘလက်ဘန်းအသင်းအတွက် ကစားပေးရမည်ဖြစ်သည်။

သွင်းယူပေးနိုင်ခဲ့

အသက် ၂၅ နှစ်ရှိ ဆမ်ဘားသည် ၂၀၀၇ခုနှစ် ဇန်နဝါရီလက ဟာသာဘာလင် အသင်းမှ ပေါင် ၄၀၀၀၀၀ ဖြင့် ဘလက်ဘန်းသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ကွန်ဂိုလက်ရွေးစင်လည်းဖြစ်ပြီး ကွန်ဂိုအသင်းအတွက် ပွဲပေါင်း ၁၀၉ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းရေးသားသည်

မန်စီးတီးနှင့် ကစားရမည့်ပွဲ ဂျရတ် ပါဝင်ကစားနိုင်မည်

လန်ဒန် နိုဝင်ဘာ ၁၈

လီဗာပူးအသင်းခေါင်းဆောင် စတီဗင် ဂျရတ်သည် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်



လာပြီဖြစ်၍ မန်စီးတီးနှင့် ကစားမည့်ပွဲမှစ၍ ပါဝင်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

လွဲချော်ခဲ့ရ

ဂျရတ်သည် နိုဝင်ဘာ ၉ရက်က ဘာမင်ဂမ်နှင့် ကစားသည့်ပွဲတွင် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် ပြီးခဲ့သည့် အင်္ဂလန်နှင့် ဘရာဇီး ချစ်ကြည်ရေးပွဲ၌လည်း ပါဝင်ကစားခွင့်မရခဲ့ပေ။ မိမိအနေဖြင့် မန်စီးတီးနှင့် ကစားမည့်ပွဲအတွက် အကောင်းဆုံးလေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဂျရတ်က ပြောကြားသည်။ ၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် ငါးပွဲလွဲချော်ခဲ့ရပြီးဖြစ်သည်။

(အင်တာနက်)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်က အထက(၄) လှိုင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက ပညာပေး ဟောပြောစဉ်။ (၁၂၈)

စာဖတ်၊ စာငှားသူနှင့် ရုပ်မြင်သံကြားကြည့်သူတိုးပွားရေး တောင်ဥက္ကလာပ မြို့နယ် ပြန်/ဆက်ရုံးတွင် ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေသည် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုတို့လိုက်ပါလျက် နိုဝင်ဘာ ၁၀ရက်က တောင်ဥက္ကလာပမြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူး(စီမံ)က ရုံးကိုသန့်ရှင်းသပ်ရပ်အောင် အစဉ်ပြုပြင်ဆောင်ရွက်ရန်၊ စာဖတ်၊ စာငှား၊ ရုပ်မြင်သံကြားကြည့်သူတိုးပွားရေး အစဉ်ဂရုပြုဆောင်ရွက်ရန်၊ လစဉ်စာအုပ်များကို စာဖတ်သူအကြိုက် သုတ၊ ရသဝယ်ယူနိုင်ရေး နည်းလမ်းစီစဉ်ရန်၊ စေတနာထားလုပ်ကိုင်ကြရန်နှင့် လစဉ်ပုံမှန် မဂ္ဂဇင်း၊ ဂျာနယ်များကို အလှူခံရရှိရေးစီစဉ်ရန်တို့ကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညွှန်ကြားရေးမှူး(စီမံ)က စီစဉ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဟသ်ာတ ဂျီတီအိုင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

ဟသ်ာတ ဂျီတီအိုင်၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဒီဇင်ဘာလအတွင်း ကျင်းပရန် စီစဉ်ထားရာ ကျောင်းသားကျောင်းသူဟောင်းများသည် ကိုစန်းလွင် ဖုန်း-၀၉-၅၀-၇၅၂၃၂၊ ကိုသန့်လွင်ဦး ဖုန်း-၀၉-၅၁-၀၄၈၂၁၊ ကိုဌေးလှိုင် ဖုန်း-၀၉-၅၀-၅၇၂၃၈၊ ကိုဇော်ဌေး ဖုန်း-၀၉-၅၁-၀၀၀၃၂၊ ကိုဝင်းခင် ဖုန်း-၀၉-၅၀-၈၅၇၈၇၊ ဒေါ်စန်းယုမော် ဖုန်း-၀၁-၃၈၂၅၄၁ နှင့် ရုံးအဖွဲ့ ဖုန်း-၀၁-၅၂၂၆၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

အလင်းရောင်စာကြည့်တိုက်ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျုံပျော်တွင် ကျင်းပ

ကျုံပျော် နိုဝင်ဘာ ၁၈

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်၌ နိုင်ငံတော်ပံ့ပိုးငွေနှင့် ကျေးရွာပူးပေါင်း လှူဒါန်းသည့် ငွေကျပ်၁၆သိန်းတန်ဖိုးရှိ မန်းစက္ကူကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပန္နက်တင်

ပန္နက်တင်ပွဲအခမ်းအနားကို စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ် ဒုတိယဦးစီးမှူး ဦးခင်မောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးကျော်စိုးခိုင်၊ မြေစာရင်း ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ကျေးရွာရပ်မိရပ်ဖ ဦးဟန်ငြိမ်း၊ ဦးဝင်းဇော်နှင့်ဦးကျင်ဟန်တို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျေးရွာအမက၌ ကျင်းပရာ နိုင်ငံတော်ပံ့ပိုးငွေမှ ပထမအကြိမ်ခွင့်ပြုငွေကျပ်ငါးသိန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက ပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဦးစီးမှူးဦးခင်မောင်မြင့်က လက်ခံယူသည်။

လက်ခံ

ထို့နောက် ကျေးရွာအလှူရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ်ခြောက်သိန်းကို ကျေးရွာရပ်မိရပ်ဖ ဦးဟန်ငြိမ်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ကျောက်တံတားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပညာရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ကျောင်းသုံးပရိဘောဂပစ္စည်း ရှစ်စုံနှင့် လက်ဆေးရေစင်ဆယ်စုံပေးအပ်လှူဒါန်း ပွဲကို အောက်တိုဘာ ၂၀ရက်က အဆိုပါ ကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်နှင့် အလှူရှင်များက ပေးအပ် လှူဒါန်းစဉ်။ (ပညာရေး)

၁၉၈၅ခုနှစ် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

၁၉၈၅ခုနှစ် စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၆ရက်(စနေနေ့)နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မှော်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၈၅ခုနှစ် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဒေါက်တာအောင်ဆွေ ဖုန်း-၀၉-၅၁-၁၃၇၂၄၊ ဒေါ်ဝါဝါသန်း ဖုန်း-၀၉-၂၀-၃၃၅၈၃၊ ဒေါ်မာမာဝေ ဖုန်း-၀၄၂-၂၄၅၁၇၊ ဒေါ်ရီရီသန်း ဖုန်း-၀၆၇-၄၁၆၅၁၈နှင့် ဒေါ်ခင်စန်းမြင့် ဖုန်း-၀၆၇-၄၁၀၁၄၁၊၀၆၇-၄၁၀၄၈၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်များ ဆောက်လုပ်ရေး ပေါက်ခေါင်း ပြန်/ဆက်ကွင်းဆင်းဟောပြော

ပေါက်ခေါင်း နိုဝင်ဘာ ၁၈

ပေါက်ခေါင်းမြို့နယ်အတွင်း စံ(၅)ချက်နှင့်ပြည့်မီသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆောက်လုပ်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းတင့် ဦးဆောင်သော ရုံးဝန်ထမ်းများသည် လှည်းကူးအုပ်စုရှိ ကျေးရွာများသို့ ကွင်းဆင်းစည်းရုံးဟောပြောပြီး ဆက်လက်၍ အောက်တိုဘာ ၂၉ ရက်က သီးကုန်းကျေးရွာသို့ ရောက်ရှိရာ ကျေးရွာဥက္ကဋ္ဌဦးမြင့်အောင်၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။ ထို့အတူ ကျောက်ပြင်သာ၊ဖလန်ပင်၊ကောင်းစီ၊သပြေတုံး၊ လှည်းကူး၊ ဂျင်းစိမ်း၊ ဒုံတောင်၊ ကုတင်မရွာများရှိ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံစည်းရုံးဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းစိန်စက်မှုလက်မှုသိပ္ပံ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

အင်းစိန်စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်ဓာတ်အားပေးရေးအင်ဂျင်နီယာဌာန)ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်မှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (ကမ္ဘာအေး)လူငယ်သင်တန်းကျောင်းသို့ အလှူရှင် Joy Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ကိုကျော်ကျော်ထွန်းနှင့် မစုမွန်အောင်(ရွှေပြည်ဖြိုး)စက်ဘီးရောင်းဝယ်ရေးဝန်ထမ်းမိသားစုက ကျောင်းသား ၂၅၀အား တစ်နေ့တာအာဟာရနှင့် စာရေးကိရိယာများကို နိုဝင်ဘာ ၁၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

နိုဝင်ဘာ၆ရက်က (၄၂)ကြိမ်မြောက်ဌာနခွဲပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင်အမျိုးသားအလွတ်တန်းတံခွန်စိုက်ဒိုင်းနှင့်အမျိုးသားအကြီးတန်းတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား ဆုယူအပြီးတွေ့ရစဉ်။ (ပြေးခုန်ပစ်အဖွဲ့ချုပ်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ခရမ်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ခရမ်း နိုဝင်ဘာ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့်အဖွဲ့သည် နိုဝင်ဘာ ၅ရက်က ခရမ်းမြို့နယ် တမံကြီးကျေးရွာအုပ်စုအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

တက်ရောက်

အခမ်းအနားသို့ တမံကြီးကျေးရွာ၊ ပလောဝ၊ လက်ပန်တန်း၊ တီတွဒ်၊ အပျိုကြီးတဲစု၊ ငှက်ပျောတောကျေးရွာများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်တာဝန်ခံများက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ စာငှားစနစ်မှန်ကန်စွာကျင့်သုံး၍ စာအုပ်စာစောင်များ တိုးပွားရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၄ - ၁၉၇၈ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသားဟောင်းများ မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၁၉၇၈ခုနှစ် ဓာတုဗေဒ၊ ကုန် ထုတ် ဓာတုဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထ အကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၁၃ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက် စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်မှာရုံ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲကို အလုံမြို့နယ်ရှိ Western Park Restaurantတို့တွင် ကျင်းပ မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက် ကြရန်နှင့် ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၀၉-၅၀၁၃၄၆၉၊ ဦးကျော်မိုးစိန် ဖုန်း-၆၅၀၅၇၉၊ သန်းသန်းနွယ် ဖုန်း-၆၆၀၅၉၂၊၀၉-၅၁၂၄၁၆၀ နှင့် ခင်မလေး ဖုန်း-၆၄၂၈၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၁၃၅)

ချစ်ဇနီးအတွက် မွေးနေ့ဆုမွန်လွှာ

၁၉-၁၁-၂၀၀၉ ရက်တွင် ကျရောက်သော အချစ်ဆုံး ဇနီး **မတင်မာမာလှသန်း(ခ)မရူး (Director of Events, Traders Hotel)** ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်ခင်ပွန်း၊ ချစ်သားလေးတို့နှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - ဦးစိန်ဝင်း
Aureum Palace Hotels- Resorts
ချစ်သားလေး - ထူးထက်ရျာန်။

သင်တန်းဖွင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် များ လေ့ကျင့်ရေးသင်တန်း အမှတ် စဉ် (၄/၂၀၀၉) ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ရက်က အထက(၄) မြတ်ပန်း သဇင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အရန်မီးသတ် တပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ် ဖွဲ့မှူး ဒုတိယရဲမှူး ဉာဏ်ဝင်း သင်တန်းဖွင့် အမှာစကားပြော ကြားစဉ်။ (၁၂၃)

နိုဝင်ဘာ ၁၅ရက်က သာကေတမြို့နယ် အမှတ်(၃၅) အခြေခံ ပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မသော်သော်ထွန်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပန်းအလှပင်စိုက်ပျိုး

ဆောမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ မြို့အဝင် လမ်းဘေး ဝဲ၊ယာတွင် ပန်းအလှ ပင်များ စိုက်ပျိုးနေမှုကို နိုဝင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးဟန်မြင့်နှင့် တာဝန်ခံ အင်ဂျင် နီယာ ဦးကျော်သူနိုင်တို့က ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး **မသီရိကျော်မိုး** (စတုတ္ထတန်း အမက မြစ်ငယ်၊မြိတ်မြို့)၏ ၁၉-၁၁-၂၀၀၉ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံအကျိုး၊ သာသနာ အကျိုး သယ်ပိုးနိုင်သော ထူးချွန်ထက်မြက် လိမ္မာ ယဉ်ကျေးသော သမီးကောင်းရတနာလေး ဖြစ်ပါစေ-

ချစ်သော	-	ဘိုးဘိုးနှင့်ဘွားဘွား
ချစ်ဖေဖေ	-	ဗိုလ်မှူးကျော်မိုး
ချစ်မေမေ	-	ဒေါ်မီမီသန့်
ချစ်ညီမလေး	-	မရွှေစင်ကျော်မိုး(ခ)ဝိုင်းဝိုင်း
ချစ်သော	-	အန်တီပုံ့။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရေးစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ် ဦးစီးမှူးများ၏ လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၆ရက် နံနက် ၁၀နာရီက အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာဖတ်ခန်း၌ ကျင်းပ သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ရုံးချုပ်၊တိုင်းရုံးတို့၏ ညွှန်ကြားချက်များ အလေးထားလိုက်နာ ဆောင်ရွက်ရေး၊ လုပ်ငန်းများအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် မိမိဌာနလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူး များကမိမိမြို့နယ်ရုံး၏လုပ်ငန်းဆောင် ရွက်နေမှု အခြေအနေများကို မြို့နယ် အလိုက် ရှင်းလင်းတင်ပြကြရာ ခရိုင် ဦးစီးအရာရှိက ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်ရေတွင်းများပြုပြင်

သိန်းနီ နိုဝင်ဘာ ၁၈

သိန်းနီမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်ပေးထားသော ကျေးရွာ စက်ရေတွင်းများ ပုံမှန်လည် ပတ်၍ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းနှင့်အဖွဲ့ အောက်တို ဘာ ၂၁ရက်က စယ်အူကျေးရွာ၊ ပန်စုံ ကျေးရွာနှင့် ရေပူ(နမ့်အွန်) ကျေးရွာ များရှိ စက်ရေတွင်းများတွင် ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်း တစ်လျှောက် မြို့တွင်းလမ်း လမ်းလယ်မျဉ်းရေးဆွဲခြင်း၊ လမ်းညွှန်အမှတ် အသားများအား စက်ယန္တရားများဖြင့် ရေးဆွဲခြင်းလုပ်ငန်းကို နိုဝင်ဘာ ၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးနှင့်အဖွဲ့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးမီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း ဈေးအတွင်း မီးသတ်ဆေးဘူးများထားရှိခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး လုံခြုံရေးစီမံဆောင်ရွက်မှုများကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ကိုနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဝေလင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နိုင်ရေး ခန္တီး၌ ဆွေးနွေး

ခန္တီး နိုဝင်ဘာ ၁၁

စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ခန္တီးမြို့နယ် ကောင်းဟိန်းကျေးရွာ ရပ်ကွက်ရုံးခန်းမ၌ အောက်တိုဘာ ၁၄ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်အဆောက်အအုံကို သတ်မှတ်ပုံစံနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော် ဆောက်လုပ်နိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နိုင်ရေးအတွက် ရပ်မိရပ်ဖ ဦးတင်ဖေကပေ(၄၀×၃၀)မြေကွက်လှူဒါန်းမှု၊ ကျေးရွာနေ ပြည်သူများက သစ်၊ ဝါး၊ သဲ၊ ကျောက်လှူဒါန်းမှုတို့ကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေစကြိုမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

ရေစကြို နိုဝင်ဘာ ၁၄

မကွေးတိုင်း ရေစကြိုမြို့နယ်၏ အခွန်ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ရက်က ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ ရေစကြိုမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနဦးစီးမှူး ဦးကျော်သူက စားသောက်ဆိုင်များနှင့်ပတ်သက်၍ အခွန်အပြည့်အဝ ကောက်ခံရရှိရေး ရှင်းလင်းဆွေးနွေးပြီး ဒုတိယအခွန်ဦးစီးမှူးဦးထွန်းမြင့်အောင်က ထားရှိရမည့်စာအုပ်စာတမ်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးမှူး ဦးကျော်သူက ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** (ဝဇ၉)

နေပြည်တော်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ၏ ဦးဆောင်မှု၊ Gold Delta Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် DDL-CUP GOLD DELTA 2009 ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်မြို့နယ် ပြည်သူ့အားကစားကွင်း၌ နိုဝင်ဘာ ၁၅ရက် ညနေ ၃နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းနှင့် ဝန်ထမ်းများ၊ ဂိုးဒယ်တာကုမ္ပဏီမှ ရုံးခွဲတာဝန်ခံ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးဆပ်ကော်မတီမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကလပ်အသင်း ၁၄သင်းမှ ဘောလုံးအားကစားသမားများနှင့် ပရိသတ်များ တက်ရောက်ကြသည်။

ရည်ရွယ်

ထို့နောက် အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းက ကွင်းဖွင့်အမှာစကား ပြောကြားပြီး ဂိုးဒယ်တာကုမ္ပဏီမှ ရုံးခွဲတာဝန်ခံဦးအောင်ကျော်ဦးက ဘောလုံးအသင်းများ ဖွဲ့စည်းပေးခြင်းမှာ မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်သို့ တိုးမြှင့်တက်ရောက်နိုင်ရန်အတွက် ရည်ရွယ်၍ ဤအသင်းများကို တည်ထောင်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်က ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

အနိုင်ရ

ထိုကွင်းဖွင့်ပွဲအပြီးတွင် Tea Center အသင်းနှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းတို့ယှဉ်ပြိုင်ရာ Tea Centerအသင်းက မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (၁၄၇)

နောင်မွန်မြို့နယ်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

နောင်မွန် နိုဝင်ဘာ ၁၂

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ထန်ထုအမကၡ၌ အောက်တိုဘာ ၁၅ရက် နံနက် ၁၀နာရီက နယ်လှည့်စာဖတ်ဝိုင်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနား ကျင်းပရာ အခမ်းအနားတွင်ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်ရော်က အမှာစကား ပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးလန့်မငါးဒီးရာမ်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်တိုးပွားရေး ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝေဦးဆောင်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ မြို့နယ်သန့်ရှင်းသာယာလှပစေရေးအတွက် ယုဇနဥယျာဉ်မြို့တော်အဝင်လမ်းဖြစ်သော ယုဇနလမ်းမကြီး လမ်းဘေးဝဲယာရှိ ချုံနွယ်များနှင့် မြက်ပင်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ သိမ်းဆည်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက(၃)သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

အထက(၃)သင်္ဃန်းကျွန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အငြိမ်းစားဆရာ ဆရာမကြီးများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်သည့် ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း မြည်ီလာခန်းမ၌ကျင်းပမည့် အလှူငွေပေးအပ်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများ ဦးမြင့်စိုးဝင်း ဖုန်း-၀၉-၅၀၆၁၄၅၈၊ ဦးထွန်းအေးကြည် ဖုန်း-၀၉-၅၀၂၄၈၀၄၊ ဦးသိန်းငွေ ဖုန်း-၅၇၁၅၈၁၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀၆၁၀၉၀၊ ဦးမြင့်အောင် ဖုန်း-၀၉-၅၀၆၁၃၁၀၅၊ ဒေါက်တာသက်လွင် ဖုန်း-၇၂၇၄၉၀၊ ဦးမြင့်ခိုင် ဖုန်း-၀၉-၅၀၉၃၁၉၅၊ ဦးဇော်မင်းနိုင် ဖုန်း-၅၆၆၄၃၅၊ ဦးစိန်ထွန်းအောင် ဖုန်း- ၀၉-၅၁၈၁၁၇၂၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၀၀၄၃၉၀၊ ဒေါ်ခင်ခင်မြ ဖုန်း-၅၆၁၃၅၈၊ ဒေါ်ခင်မော်မော် ဖုန်း-၅၆၁၃၁၆၊ ဒေါ်မြင့်မြင့်ဦး ဖုန်း-၅၆၂၆၁၇ နှင့် ကျောင်းအုပ်ဆရာမကြီး အထက(၃)ဖုန်း-၅၆၅၁၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

စာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးရေး ရန်ကင်းမြို့နယ် ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ရက် နံနက် ၁၁နာရီက အမှတ်(၄)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးဒေါ်ယဉ်ယဉ်နုက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းများနှင့် စာကြည့်တိုက်များတွင်စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင် အသစ်တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေးက စာအုပ်စာစောင်များ တိုးပွားရေးနှင့် ငွေ ပဒေသာပင် စိုက်ထူဆောင်ရွက်မည့် အခြေအနေကို ပြန်လည်ရှင်းလင်း တင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို နိုဝင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် မီးသတ်စခန်းတာဝန်ခံ ဦးလှမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆေးရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို အောက်တိုဘာ ၁၉ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းမြိုင် နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်လှုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်ကော်မြို့ မထောခူကျေးရွာ ဝါစမ်းသပ်ခင်းတွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်း

လှိုင်ကော် နိုဝင်ဘာ ၁၂

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် အောက်တိုဘာ၂၇ရက် နံနက် ၉ နာရီက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နောင်ယား (ခ)ရပ်ကွက် ဦးခွန်လီလမ်းပေါ်ရှိ ယဉ်ကျေးမှုပြတိုက်အဝင်လမ်းအား အမာခံလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြစ်ထွန်း

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် လှိုင်ကော်မြို့နယ် မထောခူကျေးရွာရှိ ဝါနှင့် ပိုးချည်လုပ်ငန်းဌာန၊ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ခင်းသို့ရောက်ရှိရာ ခြိမန်နေဂျာ ဦးမောင်မောင်က ချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ပျိုးထားရှိမှု၊ သွင်းအားစုများ ထည့်သွင်းမှုအခြေအနေ၊ အသီးအပွင့်ဖြစ်ထွန်းနေမှုနှင့် ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး စမ်းသပ်စိုက်ကွက်တွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ပြည်နယ် ပြန်/ဆက်)

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဇော်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဗန်းမော်၌ ဆွေးနွေး

ဗန်းမော် နိုဝင်ဘာ ၁၅

ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံများ ရရှိရေးအတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်သည် ဒုတိယဦးစီးမှူး ဒေါ်သီတာအေးနှင့် ဝန်ထမ်းများလိုက်ပါ၍ နိုဝင်ဘာ ၃ ရက်က နောင်းဖောင်ကျေးရွာ၊ နောင်လိုက်ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။ ***(ခရိုင် ပြန်/ဆက်)***

မြို့နယ်သတင်းများ

ငပုတောမြို့ မဂ္ဂင်လမ်းဘေးဝဲယာ သန့်ရှင်း သာယာလှပရေးအတွက် မြို့နယ်စာရင်းရုံးရှေ့ လမ်းဘေးဝဲယာ မြေယာရှုခင်းများတွင် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် မြက်ဖြတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးဇော်အေးထွေးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စပါးစံကွက်နှင့် စပါးမျိုးခေါင်နံ့ ရိတ်သိမ်းသရုပ်ပြပွဲ မင်းတပ်မြို့ ထင်ချောင်းကျေးရွာစံကွက်၌ ကျင်းပ

မင်းတပ် နိုဝင်ဘာ ၁၃

စပါးစံကွက်ရိတ်သိမ်းပွဲနှင့် ကိုယ့်မျိုးကိုယ်ထား စပါးခေါင်နံ့ရိတ်သိမ်းသရုပ်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီက မင်းတပ်မြို့ လာလောင်းထိုးကျေးရွာအုပ်စု ထင်ချောင်းကျေးရွာရှိ စပါးစံကွက်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးသိန်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သရုပ်ပြ

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်ဒုတိယမန်နေဂျာ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မင်းတပ်ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်မြေစာရင်းမှူး ဦးရွှေခဲနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝင်းမြင့်တို့က စပါးစိုက်ပျိုးရိတ်သိမ်းမှုနှင့် မျိုးစပါးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စပါးစံကွက်နှင့် စပါးမျိုးခေါင်နံ့ ရိတ်သိမ်းခြင်းကို သရုပ်ပြသသည်။ **(ခရိုင် ပြန်/ဆက်)**

ကျွန်းလှမြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ကျွန်းလှ နိုဝင်ဘာ ၁၃

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုသည် နိုဝင်ဘာ ၄ ရက်က ကျွန်းလှမြို့ စုပေါင်းရုံးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က ကျွန်းလှမြို့နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

မှာကြား

ဆက်လက်ပြီး ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဦးအုံးချိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် မကျီးအင်းကျေးရွာတွင် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ရွှေဝါရင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းအတွက် ကျောက်စုဆောင်းမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန့်ဇင်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သဲတော-ရိုးဇုံလမ်း ကျောက်ချောခင်း

ဝမ်းတွင်း နိုဝင်ဘာ ၁၄

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော သဲတော-ရိုးဇုံလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ၂၆ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

(ယာပုံ)

သွားလာနိုင်

အဆိုပါ ကျောက်ချောလမ်းသည် ဝမ်းတွင်းမြို့မှ ခရိုင်ချင်းဆက်အမှတ်(၂)သို့ ဆက်သွယ်သောလမ်းဖြစ်ပြီး စုစုပေါင်းအရှည်ခြောက်မိုင်အနက် ကျောက်ချောလမ်းဆောင်ရွက်ရန် ကျန်ရှိသောအရှည် ပေ ၁၅၃၀၀ကို ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရာ ဝမ်းတွင်းမြို့နယ် အရှေ့ဘက်ခြမ်းကျေးရွာ ကိုးရွာမှ ပြည်သူများ ရာသီမရွေး ဝမ်းတွင်းမြို့နှင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သနပ်ပင်၌ ပဲမျိုးစုံစိုက်ကေတွင် နေကြာသီးညှပ်စိုက်ပျိုးမှုသရုပ်ပြ

သနပ်ပင် နိုဝင်ဘာ ၁၀

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၅အုပ်စုတွင် ပဲမျိုးစုံစိုက်ပျိုးကေ၌ နေကြာသီးညှပ်စိုက်ပျိုးခြင်း သရုပ်ပြပွဲများကို နိုဝင်ဘာ ၆ရက် နံနက်ပိုင်းက ခရမ်းစံပြကျေးရွာ တောင်သူဦးဝင်းတင်၏ ကွင်းအမှတ် ၈၄၂၊ ဦးပိုင်အမှတ် ၁၇၊ လယ်မြေငါးဧကအတွင်း ပဲမျိုးစုံတွင် နေကြာသီးညှပ် စိုက်ပျိုးမှုသရုပ်ပြပွဲ ကျင်းပသည်။ **(အောက်ပုံ)**

သရုပ်ပြပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးရဲကိုကိုက နေကြာသီးညှပ်စိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ လက်ကမ်းစာစောင်များ ပေးဝေသည်။

စိုက်ပျိုး

သနပ်ပင်မြို့နယ်အတွင်း နေကြာသီးညှပ်ဧက ၁၉၀၀၀၊ မြေပဲ ၃၀၁၂ဧက၊ ဆောင်းနှမ်းဧက ၁၀၀နှင့် နွေနှမ်းဧက ၇၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်သည်။

(ဝ၅ဝ)

မြင်းခြံ နိုဝင်ဘာ ၁၃

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆောက်လုပ်ရန် နိုင်ငံတော်က မတည်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ရက် မွန်းတည့် ၁၂နာရီက မြင်းခြံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

စာကြည့်တိုက်များ ဆောက်လုပ်ရန် မတည်ငွေများ မြင်းခြံ၌ပေးအပ်

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးသန်းထွန်းက နိုင်ငံတော်မတည်ငွေကို ပေးအပ်လှူဒါန်းရာ နွားထိုးကြီးမြို့နယ် သင်းတပေါ်(မ) ကျေးရွာစာကြည့်တိုက်၊ တောင်သာမြို့နယ် ဗျိုင်းမတူကျေးရွာစာကြည့်တိုက်၊ ကျောက်ပန်းတောင်းမြို့နယ် အိုင်းမကျေးရွာစာကြည့်တိုက်၊ မြင်းခြံမြို့နယ် ဝွေးပင်ရိုးကျေးရွာ စာကြည့်တိုက်များမှ ကိုယ်စားလှယ်များက လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ရခိုင်ကမ်းရိုးတန်းလမ်းမကြီး (မအီ - ကျောက်ဖြူ) အပိုင်း၌ ဝင့်ဝင့်ကြွားကြွား ပေါ်ထွက်လာသည့် မင်းကြောင်းချောင်းတံတားကြီး

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ဆူကြံနှိမ့်မြင့် ကွာဟချက်များ လျော့နည်းပပျောက်စေရန်အတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးများအဖြစ် လမ်း၊ တံတားကြီးများ တည်ဆောက်အကောင်အထည်ဖော်ခဲ့သည်။ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် မအီ-ကျောက်ဖြူလမ်းအပိုင်းရှိ အရှည် ၂၇၀၄ဒသမ၂ပေ ရှည်လျားသည့် မင်းကြောင်းချောင်းတံတားကြီးကို ၂၀၀၆ခုနှစ် ဧပြီ ၁၇ရက်က ဖွင့်လှစ်ပေးခဲ့ရာ ရေခြား၊ မြေခြားနေသော ကျောက်ဖြူ-ရမ်းဗြဲဒေသမှ တိုင်းရင်းသားပြည်သူများအတွက် ပြည်နယ်၏ တောင်ပိုင်းနှင့်မြောက်ပိုင်း ဆက်သွယ်ပေါင်းစည်းပေးနိုင်ခဲ့ပေပြီ။ စာမျက်နှာ ၆ ကော်လံ ၁ ●

သတင်းမှတ်စု
တင်မာဝင်းနှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး နေပြည်တော်လယ်ဝေး၌ဟောပြော

နေပြည်တော်လယ်ဝေး
နိုဝင်ဘာ ၁၈

နေပြည်တော်လယ်ဝေးရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဆွေနှင့် စခန်းမှူး ဒုတိယရဲမှူးတင်ဦး ခေါင်းဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ရဘိန်းကျေးရွာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မူခင်းကျဆင်းရေး ဟောပြောပွဲ ကျင်းပသည်။
စာမျက်နှာ ၆ ကော်လံ ၁ ■



ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း တည်ရှိသည့် မအီ-ကျောက်ဖြူ လမ်းပိုင်းရှိ မင်းကြောင်းချောင်းတံတားကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)